# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ကဆုန်လဆန်း (၆) ရက် ၊ တနင်္လာနေ့ ၊ (13-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီးစဝ်ကွန်ကျောက်အင်းထလျှံ၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီးစဝ်ကွန်ကျောက်အင်းထလျှံ၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နောင်တုံကန်ပတ်လမ်းရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်စပ်တည်းတည်ရှိသည့်နေရာတွင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျှံ၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ⇨




ရတနာပုံ
၂၀၁၉ ခုနှစ် မေ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# မွန်မြတ်သည့် အသိပညာဒါနအလှူ

နိုင်ငံတော်အစိုးရက ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရေး နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့်စာအုပ်စာစောင်များ ပံ့ပိုးကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း ပြည်သူများအလွယ်တကူစာပေလေ့လာဖတ်ရှုစေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေး အတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ မေ ၉ ရက်တွင် နေပြည်တော် မြို့တော်ခန်းမဥ္စကျင်းပပြုလုပ်သည့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"အခမ်းအနားတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများလှူဒါန်းမှု စုစုပေါင်း အနေဖြင့် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ် သိန်းပေါင်း ၂၂၀၅၀ နှင့်စာအုပ်စာစောင် စုစုပေါင်း ၇၀၇၈၀ ဖြစ်ကြောင်း သိရပါသည်။

**"စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့်စာအုပ်စာစောင်များလှူဒါန်း ခဲ့ကြသည့် အလှူရှင်များအားလုံး၏လှူဒါန်းမှုသည် စဉ်ဆက်မပြတ်သည့်၊ မွန်မြတ်သည့်အသိပညာ ဒါနအလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာအထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မှန်ကန်ကောင်းမွန်သည့် အသိပညာများ ရဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊"** ပြည်ထောင်စု နယ်မြေ နေပြည်တော်"စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စံငါးရပ်နှင့်ကိုက်ညီသည့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက် ၆၁၀၆ တိုက်ရှိရာ လက်ရှိအခြေအနေအရ စာကြည့်တိုက် ၃၅၀၈ တိုက်သာကျန်ရှိပြီး ၂၅၉၈ တိုက်မှာ ရပ်နားခဲ့ရ သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူခံရရှိသည့် အလှူငွေနှင့် စာအုပ်စာစောင်များကိုသုံးစွဲရာတွင် လုပ်ငန်းစဉ်လေးရပ်သတ်မှတ်ထားပြီး ဆောင် ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်လေးရပ်မှာ ရပ်နားထားသည့်စာကြည့်တိုက်များကို ပြန်လည်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်၊ စာကြည့်တိုက်များ အသစ်တည်ထောင်ဖွင့်လှစ်မည့်လုပ်ငန်းစဉ်၊ ပြည်သူများစာပေဖတ်ရှုလေ့လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ စာအုပ်စာစောင်များဖြန့်ဝေမည့်လုပ်ငန်းစဉ်များဖြစ်ပါသည်။

လူစွမ်းအားအရင်းအမြစ်များပျိုးထောင်ရေးအတွက် လူငယ်များအပါအဝင် ပြည်သူများစာဖတ် ကြစေရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့် တင်ရေးလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအလိုက် အသိပညာနှီးနှော ဖလှယ်ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ်၊ လစဉ်အလိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သောကြောင့် လုပ်ငန်းစဉ်လေးရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် စာကြည့်တိုက်အဆောက်အအုံလိုအပ်နေသောနေရာများတွင် ဆောက်လုပ် လှူဒါန်းနိုင်ရန် အလှူငွေနှင့်စာအုပ်စာစောင်များကို မွန်မြတ်သောအသိပညာဒါနအလှူအဖြစ် လှူဒါန်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၁၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူး ပြည်သူများ နေ့စဉ်လာရောက် ဖူးမြော်လျက်ရှိကြောင်း ဘုရား ဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေး တောင်တော်နှင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များ နှင့်ပြည်သူ စုစုပေါင်း ၃၇၂၉၈၅ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံကဘုရားဖူး အများအပြား လာရောက်ဖူးမြော် ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကတော၊ ကားလမ်း ကပါ တက်ရောက်ဖူးမြော်ကြ တာကို တွေ့ရပါတယ်။ ဘုရားဖူး တွေက ရင်ပြင်တော်ပေါ်မှာ စိတ် အေးချမ်းသာစွာ အနားယူအပန်း ဖြေနေကြတာတွေ့ရပါတယ်။ ဘုရား ဖူးတွေက မြွေကြီးနှစ်ကောင်ဘက် ကိုလဲ သွားရောက်လေ့လာကြပါ တယ်။ တောင်ပေါ်ကနေ မန္တလေး မြို့ရဲ့ရှုခင်းအလှအပကိုလဲ ဘုရား ဖူးတွေကြည့်ကြတာ တွေ့ရပါ တယ်။ အမှတ်တရပစ္စည်းရောင်းချ တဲ့ ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေး တောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ် ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၃၅၉ ဦး လာ ရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၆၈၈၇၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေ ဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း မဟာမုနိ ရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံး အဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်း စေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၇၄၇ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠု ဝန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးနှင့် နောင်ချိုဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး အောင် မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် အင်း လေးဒေသနှင့် နောင်ချိုဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီး များ အရောင်းအဝယ်ကောင်းနေ ကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင် မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း အင်းလေး ဒေသနှင့် နောင်ချိုဒေသတို့မှ ထွက်ရှိပြီး မန္တလေးသီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ၂၅ စီးမှ ၂၆ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဈေးနှုန်းများမှာလည်း အင်းလေးသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် အမျိုး အစားအလိုက် ငွေကျပ် ၃၄၀၀၀ မှ ၃၆၀၀၀ ထိ၊ နောင်ချိုခရမ်းချဉ်သီး ၁၈ ပိဿာဝင်သေတ္တာတစ်လုံးလျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၂၀၀၀ မှ ၃၀၀၀၀ ထိ ဈေးရရှိနေ ကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ် ဘက်ကခရမ်းချဉ်သီးတွေ ဈေးကွက် ကို အများဆုံးဝင်ရောက်လာတာပါ။ အင်းသီးတွေက အရောင်းအဝယ် ကောင်းနေပါတယ်။ နောင်ချိုသီး တွေလဲ အရောင်းအဝယ်ကောင်းနေ ပါတယ်။ တစ်နေ့ကို ခရမ်းချဉ်သီး ကားက နောင်ချိုဒေသက ခြောက် စီးနဲ့ အင်းလေးဒေသက အစီးရေ ၂၀ ကျော် ပုံမှန်ဝင်ရောက်နေပါ တယ်။ ကျန်တဲ့ဒေသတွေကထွက်ရှိ မှု နည်းသွားပါပြီ။ အင်းလေးဒေသ နဲ့ နောင်ချိုဒေသက ခရမ်းချဉ်သီး တွေပဲ ဝင်ရောက်နေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလဲ ပုံမှန် အရောင်းအဝယ် ကောင်းနေပါ တယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရေဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုကြည့်ရှုသော ခရီးသွားဦးရေများပြားလာ

**မန္တလေး မေ ၁၂**

မန္တလေး-ကျောက်မြောင်း ရေ ကြောင်းတွင် ဧရာဝတီလင်းပိုင်နှင့် ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့် ဓလေ့ကိုကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြား လာကြောင်း မန္တလေးတိုင်းဒေသ ကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီ လင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင် လေးက ပြောပြ၍ သိရသည်။

မန္တလေး-ကျောက်မြောင်း ရေ ကြောင်းတွင် ဧရာဝတီလင်းပိုင်နှင့် ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ကြည့်ရှုလေ့လာမှု မေလ ဒုတိယပတ်အတွင်း များပြားလျက်ရှိ ကြောင်း၊ ယခုလက်ရှိ ဧရာဝတီမြစ် ရေနည်းချိန်ကာလတွင် ဧရာဝတီ လင်းပိုင်များသည် စစ်ကိုင်းတိုင်း ဒေသကြီး ဝက်လက်မြို့နယ် အင် ဒေါင်းကျေးရွာအနီး၊ မင်းကွန်းဒေသ အနီးတို့တွင် နေထိုင်ကျက်စားလျက် ရှိကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်း ရေ ကြောင်းမှာ နေထိုင်ကျက်စား နေတဲ့ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်ကြည့်ရှုမှု ပြန်များ လာတယ်။ အဓိက ကတော့ မန္တလေး-ကျောက်မြောင်း ရေ ကြောင်းမှာရှိတဲ့ လင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ် ငါးဖမ်းတဲ့ဓလေ့ကို လာပြီးကြည့်ရှု လေ့လာကြတာပိုပြီးများလာတယ်" ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေး- ကျောက်မြောင်း ရေ ကြောင်း ဧရာဝတီလင်းပိုင်နှင့်ပေါင်း ၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို လာရောက်ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ မေလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်သာရှိကြောင်း၊ မေလ ဒုတိယပတ်အတွင်း ဧရာဝတီ လင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ် ငါးဖမ်းသည့်ဓလေ့ကို လာရောက် ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဟာအံ့ထူးကံသာဘုရားသို့ မေလ ဒုတိယပတ်မှစ၍ လာရောက်ဖူးမြော်သည့် ပြည်တွင်းဘုရားဖူးခရီးသွားဦးရေ များပြားလာ

**ပြင်ဦးလွင် မေ ၁၂**

ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရားသို့ မေလ ဒုတိယပတ်မှစ၍ လာရောက်ဖူးမြော်သည့် ပြည်တွင်းဘုရားဖူး ခရီးသွားဦးရေ များပြားလာကြောင်း အဆိုပါဘုရား ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ငွေးကိုထံမှ သိရသည်။

ပြင်ဦးလွင်မြို့တွင် ခရီးသွားများ စိတ်ဝင်တစား သွားရောက်လည်ပတ်လေ့ရှိသည့် နေရာအများအပြားရှိသည့်အနက် မဟာအံ့ထူးကံသာဘုရားလည်း ပြည်တွင်း၊ပြည်ပ ဘုရားဖူးခရီးသွားများ စိတ်ဝင်တစား လာရောက် ဖူးမြော်လျက်ရှိသည့် နေရာထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အဆိုပါမဟာအံ့ထူးကံသာဘုရားသို့ လက်ရှိ နွေရာသီကာလတွင် ပြည်တွင်းဘုရားဖူးခရီးသွားများ ဝင်ရောက်ဖူးမြော်မှုမြန်လည်း များပြားလျက်ရှိကြောင်း သိရသည်။

"မဟာအံ့ထူးကံသာဘုရားကို လာရောက်ဘုရားဖူးမဲ့ ပြည်သူတွေအတွက် ဘုရားဖွင့်ချိန်၊ ပိတ်ချိန်ကို မနက် ၆ နာရီကနေ ည ၆ နာရီထိ ဘုရားဖူးမြော်ခွင့်ပေးထားပါတယ်။ လတ်တလောကာလက ကျောင်းပိတ်ရာသီဖြစ်တာကြောင့် ပြင်ဦးလွင်မြို့ပေါ်က ဘုရားဖူးတွေအပြင် မန္တလေး၊ ရန်ကုန်၊ လားရှိုးနဲ့ တောင်ကြီး စတဲ့မြို့တွေက ဘုရားဖူးခရီးသွားတွေ မြန်ပြီးများပြားလာပါတယ်" ဟု အတွင်းရေးမှူး ဦးကျော်ငွေးကိုက ပြောပြသည်။

မဟာအံ့ထူးကံသာဘုရားသို့ မေလ ပထမပတ်က တစ်ရက်လျှင် လာရောက်ဖူးမြော်သည့် ပြည်တွင်းဘုရားဖူး ခရီးသွားဦးရေ ၂၀၀ ကျော်သာရှိခဲ့ပြီး မေလ ဒုတိယပတ်မှစတင်၍ တစ်ရက်လျှင် ဘုရားဖူးဦးရေ ၅၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

အဆိုပါဘုရား၌ ပြည်တွင်းဘုရားဖူးခရီးသွားများ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် CCTV ကင်မရာအလုံး ၄၀ ကျော်က စောင့်ကြည့်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်အေး(ရွှေပြည့်စုံလက်ဖက်)မိသားစုက ကျောက်ကပ်ဆေးနေသော ဂိလာနသံဃာ၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ နာယကများဖြစ်သော ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်၊ သမားတော်ကြီးပါမောက္ခ ဒေါက်တာဦးတင်ထွန်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကိုးဖူးရှင် မဟာဗောဓိကုန်းဘုရားပရဝဏ်နှင့် အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် ကြည့်ရှုအားပေး



**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မဟာအောင်မြေမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဘုရားပရဝဏ်နှင့် အခြေခံပညာစာသင်ကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မေ ၁၁ ရက် နံနက်ပိုင်းက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ကိုးဖူးရှင် မဟာဗောဓိကုန်းဘုရားသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း ရောက်ရှိပြီး ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်**

# တောင်သာမြို့နယ် သီးပင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စစ်ဆေး

**တောင်သာ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးပင်ကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မေ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့်ဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ သီးပင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြေနေရာလှူဒါန်းမှုကို အလှူရှင်နှင့်ကျေးရွာကြား အထောက်အထားခိုင်မာမှုရှိစေရေး ဆောင်ရွက်ထားရန်၊ မြေသန့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျေးရွာက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သီးပင်ကုန်းကျေးရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများဖြစ်သည့် အင်ဂျင်၊ ဒိုင်နမို၊ ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံ၊ ဂါလန် ၅၀၀၀ ဆံ့ ရေစစ်ကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း အရှည်ပေ ၁၈၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲစ်ဦးကို**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၅၂၅၇ ဧက ရိတ်သိမ်းပြီးစီး

**ချောင်းဦး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၅၂၅၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၂၅၇ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၂ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီက ချောင်းဦးမြို့နယ်မှာ နှမ်း ၁၅၂၅၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAP နည်းနစ်နဲ့စိုက်ပျိုးဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းစိုက်တောင်သူများကို စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)



# အသုံးချ တန်ဖိုး

**ချစ်နိုင်(စိတ်ပညာ)**

"Genius is one percent inspiration and ninety-nine percent perspiration."

THOMAS EDISON(1847-1931)

**"ကြီးမားထူးခြားသော အစွမ်းအစရှိခြင်းတွင် စိတ်ကူးစိတ်သန်းက တစ်ရာခိုင်နှုန်းသာပါရှိပြီး နဖူးက ချွေးခြေမကျအောင် အပင်ပန်းခံကာ အထပ်ထပ်အခါခါ ကြိမ်ဖန်များစွာ ကြိုးစားအားထုတ်ရခြင်းက ကိုးဆယ့်ကိုးရာခိုင်နှုန်းမျှ ဖြစ်ပေသည်။"**

**သိပ္ပံတီထွင်ပညာရှင် သောမတ်အယ်ဒီဆင်**

**(အမေရိကန်နိုင်ငံသား)**

(၁)

တန်ဖိုးအကြောင်း ပြောကြမည်ဆိုလျှင် လူတိုင်းလိုလိုပင်သိပြီးသားဖြစ်သော အောက်ပါတန်ဖိုးသုံးမျိုး သုံးစားကွဲပြားကြောင်း တွေ့ရပေလိမ့်မည်။

၁။ **ပကတိတန်ဖိုး**

၂။ **အသုံးချတန်ဖိုးနှင့်**

၃။ **မြတ်နိုးမှုတန်ဖိုး**တို့ဖြစ်ကြလေသည်။

ဤသဘောကို ထင်ရှားသဲကွဲစေသော ဖြစ်ရပ်ပုံပြင်လေးများလည်းရှိခဲ့ကြသည်။ မှတ်မိနေသော ပုံပြင်တစ်ပုဒ်ကို အကျဉ်းချုံးဖော်ပြပါမည်။ တစ်ရံရောအခါက မြေးအဘိုးနှစ်ယောက်ရှိကြသည်။ အဘိုးက တစ်ခုသောနံနက်ခင်းဝယ် သူ့အိပ်ရာထဲမှ လက်ပတ်နာရီဟောင်းလေးတစ်ခုကို ထုတ်ယူလာပြီး သူ၏မြေးကိုပေးကာ ဤသို့ဆိုလေသည်။

"ငါ့မြေး ငါ့မြေးသင့်တော်မယ်ထင်တဲ့နေရာကို သွား၊ ဝယ်ချင်တဲ့လူရှိရင်ပြသ။ ဝယ်မယ့်သူက ဈေးဘယ်လောက်ပေးရမလဲမေးရင် အဖြေမပေးနဲ့။ ခင်ဗျားအများဆုံး ဘယ်လောက်ပေးမယ်ရည်ရွယ်သလဲ ပြန်မေး။ သူဝယ်ချင်တဲ့ဈေးကို ငါ့မြေးမှတ်လာခဲ့။ မရောင်းခဲ့နဲ့ဦး။"

မြေးဖြစ်သော ဆယ်ကျော်သက်ရွယ် လူငယ်လေးက လူစည်ကားသော နံနက်ခင်းဈေးသို့သွားသည်။ ဝယ်လောက်သည်ဟု သူထင်သော လူတစ်ယောက်ကိုချဉ်းကပ်၍ မိမိမှာရောင်းလိုသော လက်ပတ်နာရီတစ်လုံးရှိသည်။ ဝယ်လိုလျှင် ပြနိုင်ပါသည်ဟုပြောသည်။ ကြည့်မည်ဆိုသောအခါ ထုတ်ပြလိုက်သည်။

"ဈေးဘယ်လောက်နဲ့ရောင်းမှာလဲ"

"ခင်ဗျား ဘယ်လောက်ပေးပြီး ဝယ်ချင်သလဲ"

"နာရီက ဟောင်းလည်းဟောင်းတယ်။ ပျက်လည်းပျက်နေပုံရတယ်။ ၁၅ ကျပ်ပေးမယ်။"

လူငယ်လေးက မရောင်းခဲ့ဘဲ အိမ်ပြန်လာခဲ့သည်။ အဘိုးကိုပြန်ပြောပြသည်။ အဘိုးက ဘာမှပြန်မပြောချေ။

နောက်တစ်နေ့နံနက်တွင် တစ်နေရာရာသို့သွားပြီး နာရီကိုဝယ်လောက်သူတစ်ယောက်ရှာကြည့်ပြီးပြသ၊ သူပေးနိုင်သောဈေးနှုန်းကို မှတ်လာခဲ့၊ မရောင်းခဲ့နဲ့ဟု မှာကြားပြီး သူ့မြေးကို တာဝန်ထပ်ပေးလိုက်ပြန်သည်။ လူငယ်လေးသည် လူပိုမိုစည်ကားသောနေရာမှာ သွားရောက်ကာ ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်တစ်ဦးကို ထိုနာရီလေးပြသည်။ ရောင်းလိုကြောင်းနှင့် ဘယ်လောက်ဈေးနှင့်ပေး၍ ဝယ်မလဲမေးလိုက်သည်။ အဝတ်အစား သားသားနားနားနှင့် ချမ်းသာကြွယ်ဝပုံရသော ထိုပုဂ္ဂိုလ်က "အကောင်းစားနာရီဟောင်းလေးပဲ" ဟုဆိုကာ ၁၀၀ ကျပ်ပေးမည် ရောင်းမလားဟု မေးလေသည်။ လူငယ်လေးက ခေါင်းယမ်းခဲ့ပြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ သူ့အဘိုးကို အကျိုးအကြောင်းပြောပြသည်။ အဘိုးက ဘာမှမပြော။ လူငယ်လေးမှာတော့ ဒီနာရီလေးတစ်ခုကိုပင် လူနှစ်ယောက်က တန်ဖိုးဖြတ်ပုံချင်းကွာခြားကွဲပြားပုံကို တွေ့ရသဖြင့် သူအံ့သြခဲ့ရသည်။

တတိယနေ့ နံနက်ခင်းတွင် အဘိုးက အလားတူပင် သူ့ကိုစေခိုင်းလိုက်ပြန်သည်။ တော်တော်ဟောင်းသည်၊ အမျိုးအစားတော့ကောင်းသည်ဟူသော ပြောဆိုသည့်စကားများက သူ့အတွက် စဉ်းစားစရာအချက်များဖြစ်ခဲ့ရပြီ။ ဤနေ့တော့ ဈေးထဲလမ်းပေါ်မှာ ဝယ်မည့်သူမရှာတော့ဘဲ ရှေးဟောင်းလက်ရာပစ္စည်းများ ပြတိုက်ပမာစုံလင်လှသော ခမ်းခမ်းနားနားဆိုင်ကြီးတစ်ခုသို့ ဝင်သွားလိုက်သည်။ မန်နေဂျာနှင့်ဝင်တွေ့သည်။ သူ့မှာ အဖိုးတန်လက်ပတ်နာရီတစ်လုံး ရောင်းရန်ပါရှိကြောင်းပြော၍ ပြသလေသည်။

အဘိုးပေးလိုက်သော လက်ပတ်နာရီလေးကို ထိုပုဂ္ဂိုလ်က မှန်ဘီလူးကိုအသုံးပြု၍ သေသေချာချာ အသေးစိတ်လှေ့လာကြည့်ရှုသည်။ "ဒီနာရီက ထုတ်လုပ်ခဲ့တာ နှစ်ပေါင်း ၁၀၀ ကျော်ပြီ။ သူ့မှာပါတဲ့ ကျောက်တွေကလည်း ပထမတန်းစား အကောင်းဆုံးအမျိုးအစားတွေပဲ။ ဆွစ်ဇာလန်နိုင်ငံက ဟိုခေတ်ဟိုအခါက နာမည်ကောင်းနဲ့ကျော်ကြားခဲ့တဲ့ ကုမ္ပဏီတစ်ခုက အရေအတွက်ကန့်သတ်ထုတ်လုပ်တဲ့ အထူးနာရီအမျိုးအစား၊ ရှားပါးတဲ့ ရှေးဟောင်းလက်ရာ။ တန်ဖိုးမြင့်ပါတယ်။ အမြတ်တနိုးဝယ်ယူစုဆောင်းသူတွေ ရှာဖွေနေတာမျိုးမို့ ၁၀၀၀ ကျပ် ပေးဝယ်မယ်"တဲ့။

**❖ "ဒီနာရီက ထုတ်လုပ်ခဲ့တာ နှစ်ပေါင်း ၁၀၀ ကျော်ပြီ။ သူ့မှာပါတဲ့ကျောက်တွေကလည်း ပထမတန်းစား အကောင်းဆုံးအမျိုးအစားတွေပဲ။ ဆွစ်ဇာလန်နိုင်ငံက ဟိုခေတ်ဟိုအခါက နာမည်ကောင်းနဲ့ ကျော်ကြားခဲ့တဲ့ကုမ္ပဏီတစ်ခုက အရေအတွက်ကန့်သတ်ထုတ်လုပ်တဲ့ အထူးနာရီအမျိုးအစား၊ ရှားပါးတဲ့ ရှေးဟောင်းလက်ရာ။ တန်ဖိုးမြင့်ပါတယ်။ အမြတ်တနိုးဝယ်ယူစုဆောင်းသူတွေ ရှာဖွေနေတာမျိုးမို့ ၁၀၀၀ ကျပ်ပေးဝယ်မယ်"တဲ့။ ပကတိတန်ဖိုး၊ အသုံးချတန်ဖိုး၊ မြတ်နိုးမှုတန်ဖိုး ဆိုသည့် ကွဲပြားခြားနားသော လူ၏သဘောထားများရှိတတ်ကြောင်း၊ အချိန်အခါ၊ နေရာ၊ ဒေသ၊ လူပုဂ္ဂိုလ်အရ တန်ဖိုးထားမှုချင်းမတူညီကြကြောင်း သိရပေပြီ။ ❖**

ပကတိတန်ဖိုး၊ အသုံးချတန်ဖိုး၊ မြတ်နိုးမှုတန်ဖိုး ဆိုသည့် ကွဲပြားခြားနားသော လူ၏သဘောထားများရှိတတ်ကြောင်း၊ အချိန်အခါ၊ နေရာ၊ ဒေသ၊ လူပုဂ္ဂိုလ်အရ တန်ဖိုးထားမှုချင်းမတူညီကြကြောင်း သိရပေပြီ။

(၂)

ဤပုံပြင်လေးနှင့် အလားတူပင် အခြားတစ်နေရာ၌ လက်ပတ်နာရီအစား ကျောက်မြတ်ကျောက်ခဲတုံးလေးတစ်ခုဟု ရေးထားသော ဇာတ်လမ်းတစ်ပုဒ်လည်း ဖတ်ရဖူး၏။ မြေးလူငယ်လေးက သုံးနေရာမှာ လူသုံးယောက်ကို တွေ့ဆုံပြသခဲ့ရာ ထမင်းတစ်နပ်စာ ပေးချင်သူ၊ သူ၏လစာ တစ်လစာ လခပေးဝယ်နိုင်သူနှင့် အဖိုးတန်ကျောက်မြတ်ရတနာအဖြစ် သိန်းသောင်းချီ၍ ပေးဝယ်လိုသော ပြတိုက်မှူးတို့ ဝယ်မည့်ဈေးများ အလွန်ကွာခြားလှကြောင်း ရေးသားထားပေသည်။

ဘယ်အရာကမူရင်း၊ ဘယ်သူက မှီငြမ်းသူဟု မိမိမသိပါ။ အင်္ဂလိပ်လိုရေးထားသော တက်ကျမ်းအမျိုးမျိုးမှာ ဤပုံပြင်လေးမျိုးကို ဟိုနေရာ၊ ဒီနေရာတွင်တွေ့ရ၊ ဖတ်ရ၏။ အွန်လိုင်းဆိုရှယ်မီဒီယာမှာလည်း တွေ့ရ၏။ နာရီဟောင်းလေးဖြစ်စေ၊ ကျောက်တုံးလေးပဲဖြစ်စေ တစ်နေရာနှင့်တစ်နေရာ၊ တစ်ယောက်နှင့်တစ်ယောက် တန်ဖိုးသတ်မှတ်ပုံချင်း မတူနိုင်ကြသည်မှာ သဘာဝပင်ဖြစ်၏။ ဤအချက်ကို သိမြင်နားလည်ထားလျှင် သင့်လျော်စွာ အသုံးချစဉ်းစားချင့်ချိန်နိုင်ပေမည်။ မတူညီသောသဘောထားများ၊ ကွဲပြားသောတန်ဖိုးများနှင့် အရာရာ၏နှိုင်းယှဉ်ခြင်းသဘောအရ ဦးစားပေးအရေးပါမှုတို့သည်လည်း အနိမ့်အမြင့်အဆင့်ဆင့်ရှိကြပေသည်မဟုတ်လား။

(၃)

သီလသည် မြတ်၏။

ဒါနသည်လည်း မြတ်ပါ၏။

သို့ရာတွင် သီလက ဒါနထက်ပို၍မြတ်သည်ဟု

လေ့လာမှတ်သားရဖူး၏။

သီလသည် မြတ်သည်ဟုဆိုရာတွင် ထို့ထက်ပို၍ မေတ္တာသည် တန်ဖိုးပိုမိုကြီးမားသည်ဟု တွေ့ရဖူး၏။ မေတ္တာဘာဝနာစသော စိတ်ခွန်အားသမာဓိကို မြှင့်တင်ခြင်း သမထဝိပဿနာအလုပ်က လူသားဘဝ၏ တန်ဖိုးအရှိဆုံး ဆောင်ရွက်ခြင်း၊ အလေ့အထကိစ္စပေတည်း။ အချိန်အကန့်အသတ်ဖြင့် ရှင်သန်ရသော ဘဝတစ်ခုမှာ မသေမီ အသိဉာဏ်နှင့်ယှဉ်၍ သမထဝိပဿနာအလေ့အကျင့်ကို ဆည်းပူးခွင့်ရခြင်းကား ကံကောင်းလှပေစွဟု ပီတိဖြစ်မိပေသည်။

(၄)

မင်္ဂလသုတ်ကို မိမိတို့ငယ်စဉ်ကပင် သင်ယူကျက်မှတ်ခဲ့ရသည်။ အစ၏ကောင်းခြင်းဟု ဆိုရမည်ပင်။ ၃၈ ဖြာမင်္ဂလာကို ပါဠိလိုအလွတ်ရအောင်ကျက်ခဲ့ရ၏။ မြန်မာလိုလည်း အနက်အဓိပ္ပာယ်သိရှိနားလည်အောင် အကြိမ်ကြိမ်အခါခါလေ့လာမှတ်သားခဲ့ရ၏။ သိမြင်သဘောပေါက်သလောက် ဘဝတစ်လျှောက် အသုံးချမိသည်လည်းရှိ၏။ အလေးအနက်မရှိ မေ့လျော့မိသည့်အခါမျိုးလည်းရှိခဲ့၏။ ပေါ့ဆခဲ့သည်လည်းရှိ၏။ မည်သို့ဆိုစေ အခြေခံအုတ်မြစ်သဘောတော့ မှတ်မိနေသည်။

လူမိုက်ကိုမပေါင်းလေနှင့်။

ငါးပုပ်ကို ထုပ်သောဖက်ရွက်သည် ငါးပုပ်နံ့ငါးညှီနံ့စွဲကပ်ကူးစက်လာတတ်သည်။ အမှန်ပင် ပညာမဲ့သူတို့နှင့် အပေါင်းအသင်းဖွဲ့မိသဖြင့် မသေသင့်ဘဲ သေရသူများ၊ ခြေပြတ်လက်ပြတ်ဒုက္ခိတဘဝငယ်ငယ်ရွယ်ရွယ်နှင့်ကျရောက်ခဲ့သူများ။ ပထမင်္ဂလာကို နားမဝင်ခဲ့မိသဖြင့်ပဲ မဟုတ်ပါလား။ (လူမိုက်ကို ခွဲခြားတတ်ရပါမည်)။

လူမိုက်ကို ဝေးဝေးရှောင်ရှားရမည်။ ပညာရှိသူများကို မှီဝဲဆည်းကပ်အတုယူမှတ်သားရမည်။ စသည်စသည်အချက်များမှသည် လောကဓံတရားရှစ်ပါးနှင့် မလွဲမသွေတွေ့ကြုံရဦးမည်။ ထိုအခါ စိတ်မတုန်လှုပ်မိစေနှင့်။ တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ကျော်လွှားနိုင်အောင် ထိန်းသိမ်းနိုင်ပါစေဆိုသော မင်္ဂလာတရားဓမ္မတို့ကို နှလုံးသွင်းနားယူ၏။ ကျင့်သုံးနိုင်သလောက်ဘေးရန်ကင်းကွာ၊ ထိခိုက်အနာတရ နည်းပါးခဲ့၏။ ကောင်းကျိုးရ၏။

မင်္ဂလသုတ်အကြောင်း ဆရာတော်သံဃာတော်များ ရေးသားတော်မူသော စာအုပ် ၅၀ ကျော်တွေ့ရဖူးသည်။ အမှန်က ၁၀၀ ကျော်မကရှိနိုင်လောက်ပါသည်။ မအူပင်လေးအိမ်စုဆရာတော်အရှင် ဝိစိတ္တသာရထံတွင် တော်တော်စုံစုံလင်လင်မြင်ခဲ့ရသည်။ ဆရာမကြီး ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ရေးတာလည်းရှိသည်။ ဆရာကြီး အောင်သင်းရေးတာလည်းရှိသည်။ ဆရာကြီး၊ ဆရာမကြီးများသည် အမျိုးသားစာပေတစ်သက်တာဆု ဂုဏ်ပြုချီးမြှင့်ခံကြရသော စာပေပညာရှင်ကြီးများဖြစ်ကြသည်။

မင်္ဂလသုတ်အကြောင်းကိုသာမဟုတ်။ လူငယ်လူရွယ်များအတွက် ရည်ရွယ်လျက် စေတနာလည်းကြီးမား၊ မေတ္တာတရားလည်းပြည့်ဝ၊ ပညာအရလည်း မြင့်မားခြင်းအရာတို့၌ နဖူးချင်းတိုက်မိကြသည့်ပမာ တိုက်ဆိုင်စွာ ပရာဘဝသုတ်အကြောင်းကိုလည်း ဆရာမကြီး ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)လည်း ရေးဖူးသည်။ ဆရာကြီးအောင်သင်းလည်း ရေးခဲ့ဖူးသည်။ စာနယ်ဇင်းများတွင်လည်းရေးသည်။ လုံးချင်းလည်းထုတ်ဝေခဲ့ကြသည်။ အခြားပုဂ္ဂိုလ်ကြီးငယ်များရေးသားခဲ့ကြသည်လည်း များလှပေပြီ။

(၅)

စာကောင်းပေကောင်းများကတော့ စာအုပ်စာပေများထဲမှာ ရှိနေကြပေသည်။ မိဘလုပ်သူတို့က ကိုယ်တိုင်ရှာဖွေလေ့လာပြီး သားငယ်သမီးငယ်၊ မိသားစုအတွင်းက လူငယ်များသိသင့်သိထိုက်သော အဆုံးအမ၊ အသင်အပြ၊ လမ်းညွှန်မှုများကို ဖတ်စေမှတ်စေရန် ဆွဲဆောင်သွန်သင်ကြရသည်။ ကျောင်းပညာသင်ကြားပို့ချနေကြသော ဆရာ၊ ဆရာမများကလည်း မိမိက ပထဝီပဲသင်သင်၊ သင်္ချာပဲသင်သင်၊ သိပ္ပံပဲသင်သင်၊ မင်္ဂလသုတ်ထဲမှ စာတစ်ကြောင်း၊ စကားတစ်လုံးကို တစ်လတစ်ကြိမ်၊ တစ်ပတ်တစ်ခါ၊ တစ်နေ့တစ်လုံးဖြစ်စေ ထိတွေ့နားဝင်အောင် မိတ်ဆက်ပေးပါက အကျိုးမယုတ်ပါ။ တာဝန်ယူရသော ဘာသာရပ်အပြင် ယဉ်ကျေးမှုနှင့်ကျင့်ဝတ်နီတိများကို ဆရာ၊ ဆရာမများက ပုဂ္ဂိုလ်အနေအရင့်အလိုက် ပဲ့သင်ဆုံးမ ငယ်စဉ်ကပင် ပုံသွင်းပေးပါမှ(ရွှံ့ဘဝမှ အိုးဘဝရောက်လာကြသောအခါ) မရွဲ့မစောင်းအိုးကောင်းလေးများ ဖြစ်ကြပေလိမ့်မည်။ မျိုးဆက်သစ်များသည် ဆရာ၊ ဆရာမများလက်ထဲမှာ။ လူငယ်များကိုယ်ကျင့်တရား၊ စာရိတ္တနှင့်စည်းကမ်းကျင့်ဝတ်များ ကောင်းခြင်း၊ မကောင်းခြင်းသည် တစ်ဦးစီတစ်ယောက်စီပြုပြင်ပုံ လောင်းသင်ကြားရသော သဘောဖြစ်သော်လည်း ကာလမရွေး၊ ဒေသမရွေး နိုင်ငံနှင့်လူမျိုးကို ကောင်းကျိုးကြီးမားစွာ သက်ရောက်ကြသည်။ ပန်းပျိုးလက်များ အားကောင်းကြပါစေ။

ဆရာမကြီးဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)နှင့် ဆရာကြီးအောင်သင်းလို တပည့်များအပေါ် မေတ္တာစေတနာကြီးမားသော ဆရာ၊ ဆရာမများနှင့် တွေ့ကြုံဆုံစည်းရသော လူငယ်များသည် သာမန်မျှ တန်ဖိုးရှိသော ပကတိတန်ဖိုး၊ အသုံးချတန်ဖိုးတို့ထက် သာလွန်ထူးကဲစွာ နိုင်ငံနှင့်လူမျိုးအတွက် လေးစားမြတ်နိုးဖွယ်သော **မြတ်နိုးမှုတန်ဖိုး**ရှိကြပေလိမ့်မည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုပို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၂၉၈၂ ဧကစိုက်ပျိုးမည်

**ကန့်ဘလူ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၂၉၈၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရန် သီးနှံအလိုက်လျာထားမှုအနေဖြင့် ပဲတီစိမ်း ၉၀၅၉၄ ဧက၊ ပဲစင်းငုံ ၁၃၆၁၂ ဧက၊ စွန်တာပြာ ဧက ၂၃၀၀၊ ထောပတ်ပဲ ဧက ၈၀၀၊ အခြားပဲ သုံးဧက စုစုပေါင်း ၂၂၉၈၂ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲမျိုးစုံဧက ၂၂၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားဖို့အတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ဒေသထွက် မြေဩဇာအချိုးကျသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။ (၂၀၆)

# ကျိုင်းတုံမြို့တွင် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျိုင်းတုံ မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မိုးကာလရေကြီးရေလျှံမှုမရှိစေရေး၊ ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့်တာဝန်ရှိသူများက ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်တွင် မိုးကာလရေကြီးရေလျှံမှုမရှိစေရေး၊ ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို စစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ အမှတ်(၄)ရပ်ကွက်အတွင်းရှိ အခွန်လွတ်ဈေးအနီး ရေမြောင်းများအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု မရှိစေရေး တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်အတွင်းရှိ ရေမြောင်းလုပ်ငန်းများအနေဖြင့် အရှည် ပေ ၄၄၅၀၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိပြီး လျာထားရန်ပုံငွေကျပ် ၁၂ သန်းဖြင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနက မေ ၅ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေမြောင်းများအတွင်း အမှိုက်နှုန်းဆယ်ယူခြင်းဆောင်ရွက်ပြီးစီးပါက ရေစီးရေလာကောင်းမွန်ပြီး မြို့တွင်းရေကြီးရေလျှံမှုမှကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။

ကျော်ဇောဦး(မောရှမ်းမြေ)

## ကျောင်းအပ်ကြစို့

- ဝသန်အစ မိုးဦးကျ
ဒေသဖုံ့ မြန်နယ်စုံ
ကျောင်းကုန်ဖွင့်ကာ ခြေခံမှာ
ပညာသင်မှတ် တို့ကျောင်းမြတ်
အပ်မယ်လေ့ အပ်မယ်လေး။

- ညီ ညီမငယ် ရွယ်စုံကွယ်
သူငယ်ချင်းများ ဝင့်ဝင့်ကြွား
ကျောင်းသွားကုန်ပြီ တူပြိုင်ချီ
ကိုယ့်ရည်မှန်းချက် ဘယ်မပျက်
ဆက်မယ်လေ့ ဆက်မယ်လေး။

- စိတ်ဓာတ်စည်းကမ်း ပညာလမ်း
အစွမ်းထက်စေ သင်ယူဖွေ
များထွေ သုတ ပြည့်စုံမှ
ဘဝလမ်းတွင် အောင်ပန်းဆင်
ယဉ်မယ်လေ့ ယဉ်မယ်လေး။

- ပညာဟူကား စဉ်မမှား
စဉ်းစားဆင်ခြင် လူ့ဘောင်တွင်
တွေ့မြင်ခက်ခဲ ကျော်နိုင်မြဲ
လူထဲ ရဲရင့် ပွဲလယ်တင့်
မြင့်မယ်လေ့ မြင့်မယ်လေး။

- ပညာမသင် မိုက်ဉာဏ်ဝင်
တွေးမြင်အမှား လူရမ်းကား
သူ့သွားလမ်းမူ ဒုက္ခထူ
ရင်ပူစိတ်ကဲ ရမ်းယောင်မြဲ
လွဲမယ်လေ့ လွဲမယ်လေး။

- အသိလိမ္မာ မြတ်ပညာ
ရှာကာမပြတ် လေ့ယူမှတ်
အတတ်စုံလင် ကျောင်းမှာသင်
လန်းရွှင်စိတ်ထက် အပ်နှံလျက်
တက်မယ်လေ့ တက်မယ်လေး။ ။

ညွန့်ဝင်း(နတ်တလင်း)

(ကျောင်းအပ်နှံရေးသီတင်းပတ် ဂုဏ်ပြုကဗျာ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ပုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဖြိတိန်တောင်တက်သမားနှင့် နီပေါတောင်တက်လမ်းပြ ဧဝရတ်တောင်သို့အကြိမ်ရေအများဆုံး တက်ရောက်နိုင်ခဲ့

**ဝေလင်တန် မေ ၁၂**

ဗြိတိန် တောင်တက်သမား တစ်ဦးနှင့် နီပေါတောင်တက်လမ်းပြ တစ်ဦးတို့သည် ယနေ့တွင် ဧဝရတ် တောင်ထိပ်ပေါ်သို့ တက်ရောက်ခဲ့ ပြီးနောက် ၎င်းတို့သည် ဧဝရတ် တောင်ပေါ်သို့အကြိမ်ရေအများဆုံး တက်ရောက်မှု စံချိန်များကို အသီးသီးချိုးဖျက်နိုင်ခဲ့သည်။

ယနေ့တွင် ဗြိတိန်တောင်တက် သမားကင်တန်ကိုးလ်သည် ဧဝရတ် တောင်ထိပ်ကို ၁၈ ကြိမ်မြောက် အဖြစ်တက်ရောက်နိုင်ခဲ့ပြီး နီပေါ တောင်တက်လမ်းပြ ကာမီရီတာက ၂၉ ကြိမ်မြောက်အဖြစ် အောင်မြင် စွာတက်ရောက်နိုင်ခဲ့သည်။

ကင်တန်ကိုးလ်သည် ဧဝရတ် တောင်ကို ၁၈ ကြိမ်မြောက်အဖြစ် တက်ရောက်နိုင်ခဲ့ပြီးနောက် ယင်း တောင်ထိပ်သို့ အကြိမ်ရေအများဆုံး တက်ရောက်နိုင်ခဲ့သော နိုင်ငံခြား သား တောင်တက်သမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

နီပေါတောင်တက်လမ်းပြကာမီ ရီတာက ယနေ့တွင် ဧဝရတ်တောင် ထိပ်သို့ ၂၉ ကြိမ်မြောက်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်ရာ ဧဝရတ် တောင်ကို အကြိမ်ရေအများဆုံး တက်ခဲ့ဖူးသည့် ကမ္ဘာ့လူသားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကာမီရီတာသည်အမြင့် ၈၈၄၉ မီတာ (၂၉၀၃၂)ပေရှိသည့် ဧဝရတ် တောင်ကို ၁၉၉၄ ခုနှစ်တွင် ပထမဆုံး တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ယခုနှစ်ဧပြီလတွင် တရုတ်နိုင်ငံက ပြည်ပသို့မော်တော်ယာဉ် တင်ပို့ရောင်းချရမှုနှုန်း စံချိန်တင်မြင့်တက်



**ပေကျင်း မေ ၁၂**

ယခုနှစ် ဧပြီလအတွင်း တရုတ် နိုင်ငံက ပြည်ပသို့ မော်တော်ယာဉ် တင်ပို့ရောင်းချနိုင်မှုနှုန်းမှာ စံချိန် တင်မြင့်တက်လာကြောင်း တရုတ် ခရီးသည်တင်ယာဉ် ထုတ်လုပ်သူ များအသင်း(စီပီစီအေ)က မေ ၁၀ ရက်တွင် သတင်းထုတ်ပြန် ထားသည်။

သို့သော် စီးပွားရေးပြန်လည် နာလန်ထူရေးအတွက် တရုတ်နိုင်ငံ ရှန်းကန်နေချိန်တွင် စားသုံးသူများ အနေဖြင့် ငွေကြေးအမြောက်အမြား သုံးစွဲရန် ချိန်ဆလာမှုတို့ကြောင့် တရုတ်ပြည်တွင်း မော်တော်ယာဉ် ရောင်းချရမှုနှုန်းမှာ ယမန်နှစ်ကထက် ကျဆင်းခဲ့ကြောင်း စီပီစီအေ၏ အဆိုအရ သိရသည်။

ယခုနှစ်ဧပြီလတွင် တရုတ်နိုင်ငံ သည် ပြည်ပသို့မော်တော်ယာဉ် အစင်းရေ ၄၁၇၀၀၀ထိ တင်ပို့ ရောင်းချခဲ့ရာ ယမန်နှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၃၈ ရာခိုင်နှုန်း ရောင်းအား မြင့်တက်လာသည်ဟု စီပီစီအေအစီရင်ခံစာ၌ ဖော်ပြ ထားကြောင်း သိရသည်။

သို့သော် တရုတ်ပြည်တွင်း၌ ယခုနှစ် ဧပြီလတွင် မော်တော်ယာဉ် အစင်းရေ ၁ ဒသမ ၅၅ သန်းထိသာ ရောင်းချနိုင်ခဲ့ရာ ယမန်နှစ် ဧပြီလ နှင့်နှိုင်းယှဉ်ပါက ၅ ဒသမ ၈ရာခိုင် နှုန်း ရောင်းအားကျဆင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် ဧပြီလအတွင်း တရုတ် နိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ ရောင်းချရမှု နှုန်းမှာ မတ်လကထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ အကြီးမားဆုံး မော်တော်ယာဉ် ဈေးကွက်ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## နိုင်ဂျီးရီးယား၌ လူပေါင်း ၁၀၀ ကျော်ကို သေနတ်သမားများက ပြန်ပေးဆွဲဖမ်းဆီး

**အဘူဂျာ မေ ၁၂**

နိုင်ဂျီးရီးယားနိုင်ငံ အနောက် မြောက်ပိုင်း၌ သေနတ်သမားများက ကျေးရွာသုံးရွာကို ဝင်ရောက်စီးနင်း ၍ လူပေါင်း ၁၀၀ ကျော်ကို ပြန်ပေး ဆွဲခေါ်ဆောင်သွားကြောင်း နိုင်ဂျီး ရီးယားတာဝန်ရှိသူများက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ သေနတ်သမားများ သည် မေ ၁၀ ရက်တွင် ကျေးရွာ များကိုစီးနင်းတိုက်ခိုက်၍ လူပေါင်း ၁၀၀ကျော်ကိုပြန်ပေးဆွဲခေါ်ဆောင် သွားခြင်းဖြစ်သည်။


နိုင်ဂျီးရီးယားနိုင်ငံ အနောက် မြောက်ပိုင်းဒေသ၌ ပြန်ပေးဆွဲမှု များပြားခဲ့ပြီး လက်နက်ကိုင် တောပုန်းအုပ်စုများက ကျေးရွာ များ၊ စာသင်ကျောင်းများကိုစီးနင်း ၍ လူပေါင်းများစွာအား ပြန်ပေး ဆွဲပြီး ပြန်ပေးရွေးငွေတောင်းခံလေ့ ရှိသည်။

မေ ၁၀ ရက်တွင် သေနတ် သမားများသည် ဂိုရာ၊ မာဒိုမာဝါ နှင့် ဂျစ်ဘူဂွအမည်ရှိ ကျေးရွာများ ကိုစီးနင်း၍ အမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၆၇ ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း နိုင်ဂျီး ရီးယားတာဝန်ရှိသူများက ပြော ကြားခဲ့သည်။

အဆိုပါကျေးရွာ သုံးရွာတို့မှာ ပြန်ပေးဆွဲ၍ ငွေတောင်းခံမှု အဖြစ်များသည့် ဇမ်ဖာရာပြည်နယ် ၌တည်ရှိသည်။

လူအစုလိုက်အပြုံလိုက်ပြန်ပေး ဆွဲမှုကို ဘိုကိုဟာရမ်စစ်သွေးကြွ အုပ်စုက ပထမဆုံးပြုလုပ်ခဲ့သော် လည်း နောက်ပိုင်းတွင် တောပုန်း အုပ်စုများကလည်း ယင်းလမ်းစဉ် အတိုင်း လိုက်လုပ်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ယူကရိန်းနိုင်ငံရှိ ခါကစ်ဗ်ဒေသကျေးရွာငါးရွာကို ရုရှားတပ်များ ထိန်းချုပ်နိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနထုတ်ပြန်

**မော်စကို မေ ၁၂**

ရုရှားတပ်များ အနေဖြင့် ယူကရိန်းနိုင်ငံ ခါကစ်ဗ်ဒေသရှိ ကျေးရွာ ငါးရွာတို့ကို ထိန်းချုပ်နိုင် ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းအရှေ့ပိုင်း၌ စစ်ရေး အရအသာစီးရနေသည့် ရုရှားနိုင်ငံ သည် မေ ၁၀ ရက်တွင် ခါကစ်ဗ် ဒေသကို စတင်ထိုးစစ်ဆင်တိုက် ခိုက်ခဲ့သည်။



လက်ရှိအချိန်တွင် ရုရှားတပ် များအနေဖြင့် ရုရှားနယ်စပ်နှင့် တိုက်ရိုက်ထိစပ်နေသည့် ခါကစ်ဗ် ဒေသကျေးရွာငါးရွာကို စစ်ရေးအရ ထိန်းချုပ်ထားနိုင်ပြီ ဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြ ထားသည်။

ထို့ပြင် ရုရှားတပ်များသည် ယူကရိန်းတောင်ပိုင်း ဇွန်နက်စ် ဒေသမှ ကျေးရွာတစ်ရွာကိုလည်း ထိန်းချုပ်ထားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ရုရှားနယ်မြေများကို ယူကရိန်း ၏တိုက်ခိုက်မှုမှ ကာကွယ်ရေး အတွက် တစ်ခုတည်းသောနည်းလမ်း မှာ ကြားခံဇုန်တစ်ခု ထားရှိရေး ဖြစ်သည်ဟု ရုရှားသမ္မတ ပူတင် က ပြောကြားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံ သည် ယူကရိန်းနိုင်ငံတစ်ခုလုံး၏ ၁၈ ရာခိုင်နှုန်းခန့်ကို စစ်ရေးအရ ထိန်းချုပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ခရီးသည်တင်ဘတ်စကားတစ်စီး မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များကို ဝင်တိုက်မှုကြောင့် လူ ၁၁ ဦးသေဆုံး

**ဂျကာတာ မေ ၁၂**

အင်ဒိုနီးရှားနိုင်ငံ အနောက် ဂျာဗားပြည်နယ်၌ ဘရိတ်ချွတ်ယွင်း နေသည့် ခရီးသည်တင်ဘတ်စကား တစ်စီး အခြားမော်တော်ဆိုင်ကယ် များနှင့် မော်တော်ယာဉ်များကို မေ ၁၁ ရက်တွင် ဝင်တိုက်ခဲ့ရာ အနည်းဆုံးလူ ၁၁ ဦး သေဆုံးခဲ့ရ ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှု အတွင်း သေဆုံးခဲ့သူအများစုမှာ ကျောင်းသားများဖြစ်ကြပြီး ဒဏ်ရာ ရရှိသူ အများအပြားလည်းရှိခဲ့ ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများ က ထုတ်ဖော်ပြောကြားထားသည်။

ဘရိတ်ချွတ်ယွင်းမှုရှိခဲ့ပုံရသည့် ဘတ်စကားပေါ်တွင် အထက်တန်း ကျောင်းတစ်ကျောင်းမှကျောင်းသား နှင့် ဆရာ ၆၀ ဦး လိုက်ပါလာ ကြောင်း သိရသည်။

အဆိုပါ ဘတ်စကားသည် ကုန်းဆင်းလမ်း တစ်ခုအဆင်းတွင် ထိန်းချုပ်၍မရနိုင်တော့ဘဲတစ်ဖက် လမ်းကြောရှိ မော်တော်ဆိုင်ကယ် နှင့် အခြားယာဉ်များကို ဝင်တိုက် ပြီးနောက် ဓာတ်တိုင်တစ်တိုင်ကိုပါ ဆက်လက် ဝင်တိုက်ခဲ့ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားတာဝန်ရှိသူများ၏ အဆိုအရ အဆိုပါယာဉ်တိုက်မှု တွင် ဒဏ်ရာရရှိသူ ၅၃ ဦးထိရှိခဲ့ ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို အင်ဒိုနီးရှား တာဝန်ရှိသူများက စုံစမ်းစစ်ဆေး လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏ အာကာသရာသီဥတုလေ့လာရေး ရေဒီယိုတယ်လီစကုပ်က နည်းပညာဆိုင်ရာစမ်းသပ်မှုများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့



**ပေကျင်း မေ ၁၂**

တရုတ်နိုင်ငံ၏ အာကာသရာသီဥတု လေ့လာရေးရေဒီယိုတယ်လီစကုပ်သည် မေ ၁၀ ရက်တွင် နည်းပညာဆိုင်ရာစမ်းသပ်မှုများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း မေ ၁၁ ရက်သတင်းများအရ သိရသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသ ရာသီဥတုလေ့လာရေး ရေဒီယိုတယ်လီစကုပ်ဖြစ်သည်။

တရုတ်သိပ္ပံအကယ်ဒမီ အမျိုးသား အာကာသသိပ္ပံ ဗဟိုဌာနသည် အဆိုပါ ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားဒေသ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်း၏ အာကာသရာသီဥတုအခြေအနေကို နေ့စဉ်စောင့်ကြည့်၍ သတင်းအချက်အလက်များ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စုပြင်ပရှိ သိပ်သည်းဆကြီးမားသော အာကာသဒြပ်ထုများမှ ဖြာထွက်လာသည့် ရေဒီယိုလှိုင်းများသည် နေ၏ စွမ်းအင် အမှုန်စီးကြောင်းများကြောင့် နေအဖွဲ့အစည်းအနှံ့ ပြန့်ကျဲသွားတတ်ပြီး ရေဒီယိုလှိုင်းရိုက်ခတ်မှု အတက်အကျရှိလာတတ်ကြောင်း သိရသည်။

၎င်းဖြစ်စဉ်ကို လေ့လာခြင်းဖြင့် နေအဖွဲ့အစည်း၏ အာကာသရာသီဥတုအခြေအနေကို စောင့်ကြည့်ဖော်ထုတ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## မွေးရာပါနားမကြားသော ကလေးငယ်တစ်ဦးကို မျိုးဗီဇကုထုံးဖြင့် နားပြန်ကြားလာစေရန် ဆေးပညာရှင်များ ကုသပေးနိုင်ခဲ့

**လန်ဒန် မေ ၁၂**

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်ဆေးရုံမှ ဆေးပညာရှင်များသည် မွေးရာပါနားမကြားသော ကလေးငယ်တစ်ဦးကို မျိုးဗီဇကုထုံးဖြင့် နားပြန်ကြားလာစေရန် ကုသပေးနိုင်ခဲ့ကြောင်း မေ ၁၁ ရက်သတင်းများအရ သိရသည်။

မျိုးဗီဇကုထုံးဖြင့် ဗြိတိန်ဆေးပညာရှင်များ ကုသပေးခဲ့သော ကလေးမှာ အသက် ၁၈ လအရွယ် အိုပယ်လ်အမည်ရှိ ကလေးတစ်ဦးဖြစ်ကြောင်း သိရသည်။

အိုပယ်လ်သည် Auditory Neuropathy ခေါ် မျိုးဗီဇပြဿနာကြောင့် မွေးရာပါနားမကြားသူဖြစ်ပြီး မွေးရာပါနားမကြားမှုပြဿနာအတွက် မျိုးဗီဇကုထုံးရယူခဲ့သော ကမ္ဘာ့အငယ်ဆုံး ကလေးလည်းဖြစ်ကြောင်း သိရသည်။

အိုပယ်လ်ကို ကုသရာတွင် ဗြိတိန်ဆေးပညာရှင်များ အသုံးပြုခဲ့သည့် မျိုးဗီဇကုထုံးသည် OTOF အမည်ရှိ မျိုးဗီဇတစ်မျိုးကို အခြေပြုထားသည့် ကုထုံးဖြစ်သည်။

အဆိုပါကုထုံးကို ရယူပြီး သီတင်း ၂၄ ပတ်အကြာတွင် အိုပယ်လ်အနေဖြင့် အကြားအာရုံပြန်လည် ရရှိနေပြီဖြစ်ကြောင်း ဗြိတိန် ဆေးပညာရှင်များက အတည်ပြုကြေညာထားသည်။

အကြားအာရုံပျက်စီးဆုံးရှုံးမှုကို ကုသရာတွင် မျိုးဗီဇကုထုံးများမှာ ထိရောက်သည့် ကုထုံးများဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**


## ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်က ဖြာထွက်ရောင်ခြည်များ ထုတ်လွှတ်နေမှုကို ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် မေ ၁၂**

ဆာဂျီတေးရီးယပ်စ် အေစတားအမည်ရှိ မဟာအာကာသတွင်းနက်က ဖြာထွက်ရောင်ခြည်များ ထုတ်လွှတ်နေမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ချန်ဒရာ အာကာသရေဒီယို တယ်လီစကုပ်အကူအညီဖြင့် ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း မေ ၁၁ ရက် သတင်းများအရ သိရသည်။

ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်သည် နဂါးငွေ့တန်းကြယ်စု၏ ဗဟိုချက်တွင်ရှိသော မဟာအာကာသတွင်းနက်ဖြစ်သည်။

စကြဝဠာအတွင်းရှိ အခြားကြယ်စုများ၏ မဟာအာကာသတွင်းနက်များမှာ ၎င်းတို့ဝန်းကျင်ရှိ ဓာတ်ငွေ့များ၊ အာကာသဒြပ်မှုန်များနှင့်ကြယ်များ၊ ဂြိုဟ်များကိုပင် ဝါးမျိုတတ်သည်။




သို့ရာတွင် နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်ကမူ အာကာသဒြပ်ထုအနည်းငယ်မျှကိုသာ ဝါးမျိုလေ့ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုကဲ့သို့ ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်က အာကာသဒြပ်ထုအနည်းငယ်ကိုဝါးမျို၍ ဖြာထွက်ရောင်ခြည်များ ထုတ်လွှတ်နေမှုကို ချန်ဒရာ အာကာသ ရေဒီယိုတယ်လီစကုပ်က ရှားရှားပါးပါး ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်သည် နှစ်ပေါင်း ၂၀၀၀၀ ခန့်လျှင် တစ်ကြိမ်ကျ ကြယ်တစ်စင်းကို ဝါးမျိုတတ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စိတ်အားတက်ကြွသည့် အပြေးသမားများ၏ ဘဝကို ကျန်းမာစွာဖြတ်သန်းနိုင်ချိန်က သာမန်လူများထက် ငါးနှစ်ပိုများ

**ကင်ဘာရာ မေ ၁၂**

စိတ်အားတက်ကြွသည့် အပြေးသမားများ၏ ဘဝကို ကျန်းမာစွာဖြတ်သန်းနိုင်ချိန်သည် သာမန်လူများထက် ငါးနှစ်ပိုများကြောင်း သုတေသနပညာရှင်များက မေ ၁၁ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနှင့် ကနေဒါ သုတေသန ပညာရှင်များသည် အပြေးသမား အမျိုးသားဦးရေ ၂၀၀ တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အပြေးသမားများ၏ ဘဝကို ကျန်းမာစွာဖြတ်သန်းရချိန်သည် ပုံမှန်လူများထက် ငါးနှစ်ပိုများသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လေ့လာချက်ရလဒ်များအရ အပြေးသမားများအနေဖြင့် အသက်ရှည်ရုံမျှမက ကျန်းမာရေးလည်း ကောင်းမွန်နေတတ်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အပြေးသမားများအသက်ရှည်မှုသည် ကိုယ်ကာယသန်စွမ်းကြံ့ခိုင်မှု၏အရေးကြီးပုံကို ပြသနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျနှင့် ကနေဒါ သုတေသနပညာရှင်များ လေ့လာခဲ့ကြသည့် အပြေးသမားများမှာ ၁၉၂၈ ခုနှစ်နှင့် ၁၉၅၅ ခုနှစ်ကြား မွေးဖွားခဲ့သူများဖြစ်သော်လည်း အများစုမှာ လက်ရှိအချိန်ထိ အသက်ရှင် နေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## Shadow Robot စက်ရုပ်ကုမ္ပဏီက တူဖြင့်ထုနှက်သည့်တိုင်မပျက်စီးနိုင်သော ခိုင်မာသည့်စက်ရုပ်လက်တံတစ်မျိုးကို ဖန်တီးတည်ဆောက်ထား

**လန်ဒန် မေ ၁၂**

ဗြိတိန်နိုင်ငံအခြေစိုက် Shadow Robot စက်ရုပ်ကုမ္ပဏီသည် တူဖြင့်ထုနှက်သည့်တိုင် မပျက်စီးနိုင်သော ခိုင်မာသည့် စက်ရုပ်လက်တံတစ်မျိုးကို ဖန်တီးတည်ဆောက်ထားကြောင်း မေ ၁၁ ရက်သတင်းများအရ သိရသည်။

အလေးချိန် ၄ ဒသမ ၁ ကီလိုဂရမ်ရှိသည့် လက်ချောင်းသုံးချောင်းပါ အဆိုပါ စက်ရုပ်လက်တံကို မျိုးဆက်သစ် ဉာဏ်ရည်တုနည်းပညာ(AI)စက်ရုပ်များတွင် အသုံးပြုမည်ဖြစ်ကြောင်း Shadow Robot ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စက်ရုပ်လက်တံ၏ လက်ချောင်းများသည် မီလီစက္ကန့် ၅၀၀ အတွင်း အဆုပ်အဖြန့်ပြုလုပ်နိုင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါစက်ရုပ်လက်တံသည် တူဖြင့်ထုနှက်မှုဒဏ်ကိုပင်ခံနိုင်ရည်ရှိကြောင်း Shadow Robot ကုမ္ပဏီမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ စက်ရုပ်လက်တံကို တည်ဆောက်ထားရခြင်း၏ ရည်ရွယ်ချက်မှာ မျိုးဆက်သစ် AI စက်ရုပ်များအတွက် အသုံးချနိုင်ရန်ဖြစ်ကြောင်း Shadow Robot ကုမ္ပဏီ၏ အဆိုအရ သိရသည်။

ရှုပ်ထွေးသိမ်မွေ့သည့်လုပ်ငန်းတာဝန်များကို စက်ရုပ်များလုပ်ဆောင်နိုင်ရေးအတွက် အဆိုပါစက်ရုပ်များကို ထိန်းချုပ်ရာတွင် AI နည်းပညာလိုအပ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည်ဟု ဂိုးသမား နာဗက်စ် ထုတ်ပြန်ကြေညာ

**ပဲရစ် မေ ၁၂**

ပီအက်စ်ဂျီအသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ဒုတိယဦးစားပေး ဂိုးသမား နာဗက်စ်က ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

အသက် ၃၇ နှစ်ရှိ ဂိုးသမားနာဗက်စ်သည် ပီအက်စ်ဂျီအသင်းနှင့် လာမည့် ဇွန်လကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး အသင်းအနေဖြင့် သက်တမ်းတိုးရန် အစီအစဉ်မရှိတော့သောကြောင့် ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကာ မည်သည့်အသင်းသို့ ပြောင်းရွှေ့မည်ကို ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဂိုးသမားနာဗက်စ်သည် ၂၀၁၂ ခုနှစ်က အသင်းသို့ ဂိုးသမား ဒွန်နာရမ်မာ ရောက်ရှိလာပြီးနောက်ပိုင်း ဘောလုံးရာသီ သုံးရာသီဆက်တိုက် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ကာ ဒုတိယဦးစားပေးအဖြစ် ကစားခဲ့ရပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက နော်တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရသည့်အပြင် ယခုနှစ် အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင်လည်း ကိုပါဒီဖလားအပါအဝင် ပြိုင်ပွဲစုံတွင် ငါးပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့သည်။

နာဗက်စ်သည် ၂၀၁၉ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၁၃ ပွဲ ပါဝင်ကစားခဲ့ရာတွင် လီဂူဖလား၊ ပြင်သစ်စူပါဖလား၊ ကိုဒါဒီဖလားတို့ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပီအက်စ်ဂျီအသင်းက ဂိုးသမားနာဗက်စ်၏နေရာတွင် ဘာစီလိုနာ (B)အသင်းမှ ဂိုးသမား တီးနက်စ်နှင့် ဆီဗီလာအသင်းမှ ဂိုးသမား ဆာဂျီရိုရီကိုတို့ကို အစားထိုးခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**



### အီတလီစီးရီးအေ ပွဲစဉ် (၃၆) ရလဒ်

| | | | | | |
|---|---|---|---|---|---|
| လာဇီယို | ၂ | - | ၀ | အမ်ပိုလီ | |
| ဂျီနိုအာ | ၂ | - | ၁ | ဆက်ဆူအိုလို | |
| ဗီရိုနာ | ၁ | - | ၂ | တိုရီနို | |
| ဂျူဗင်တပ် | ၁ | - | ၁ | ဆလာနီတာနာ | (ဝ၄ဝ) |

### အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက ဘာနာဒိုဆေးဗားကို ခေါ်ယူရန် စိတ်ဝင်စားမှုလျော့ကျခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်း ကစားသမား ဆိုင်မွန်ကိုသာခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းက တူချယ်၏နေရာတွင် အစားထိုးရန် နည်းပြသစ်ရှာဖွေလျက်ရှိရာ ပဲလေ့စ်အသင်း နည်းပြဂလက်စ်နာကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့ပြီး ဆွေးနွေးမှုအဆင်မပြေပါက နည်းပြဖလစ်ကိုသာ ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- အင်တာမီလန်အသင်းက ဘရာဇီးကလပ် ပါရာနန်စီအသင်း ဂိုးသမား ဘန်တိုကိုခေါ်ယူရန်ကြိုးပမ်းနေပြီး ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ထိ အသုံးပြုသွားရမည်ဖြစ်ကြောင်း သိရသည်။

ML

# M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို မန္တလေးမြို့တွင် စတင်ကျင်းပ



**မန္တလေး မေ ၁၂**

မန္တလေးတိုင်း ဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး မန္တလေးမြို့ Min Khant Myanmar Sports Complex တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို မန္တလေးမြို့ Min Khant Myanmar Sports Complex တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ယနေ့မှစတင်ပြီး မေ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက Family City အသင်းနှင့် MB United အသင်းတို့ကစားခဲ့ရာ MB United အသင်းက ရှစ်ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်က Pyae Sone FC အသင်းနှင့် Royal Brother FCအသင်းတို့ကစားခဲ့ရာ Pyae Sone FC အသင်းက ကိုးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂နာရီခွဲက UPK FCအသင်းနှင့် Shwe Hlan Bo FCအသင်းတို့ကစားခဲ့ရာUPK FC အသင်းက ၁၈ ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က BTB FC အသင်းနှင့် Top United အသင်းတို့ ကစားခဲ့ရာ Top United အသင်းက ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

M 21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မေ ၁၃ ရက်တွင် Scary Owls FC အသင်းနှင့် Family City အသင်း၊ Lin Latt Shwe Sin FC အသင်းနှင့် Pyae Sone အသင်း၊ Linn Latt FC အသင်းနှင့် UPK FC အသင်း၊ Sun Shine FC အသင်းနှင့် BTB FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ယခုနှစ်ဘောလုံးရာသီတွင် တန်းတက်လာသည့် ရှက်ဖီးလ်(U)၊ ဘန်လေ၊ လူတန်တို့ တန်းပြန်ဆင်းရန် သေချာခဲ့

**လန်ဒန် မေ ၁၂**

ပရီးမီးယားလိဂ် ပွဲစဉ်(၃၇)အပြီးတွင် ဘန်လေအသင်းက စပါးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လူတန်အသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းရန် သေချာခဲ့ပြီး ယခုရာသီတွင် တန်းတက်လာခဲ့သည့် အသင်းသုံးသင်းစလုံး တန်းဆင်းခဲ့ရကြောင်း သိရသည်။

ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် အသင်းသုံးသင်းတွင် ရှက်ဖီးလ်(U) အသင်းသည် ပထမဆုံးတန်းဆင်းခဲ့ရပြီး လက်ကျန်နှစ်နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပွဲစဉ်(၃၇) အပြီးတွင် ဘန်လေအသင်းက ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၁၉)၊ လူတန်အသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၁၈) နေရာတို့တွင် ရောက်ရှိခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် လူတန်အသင်းက အဆင့်(၁၇)မှ နော်တင်ဟမ်အသင်းနှင့် ရမှတ်သုံးမှတ်နှင့် ဂိုးကွာခြားချက် ၁၂ ဂိုးထိ ရှိခဲ့သောကြောင့် တန်းဆင်းရန် သေချာခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၁၉၉၇-၁၉၉၈ ဘောလုံးရာသီက တန်းတက်အသင်းများ ဖြစ်သည့် ပဲလေ့စ်၊ ဘန်စလေနှင့် ဘော်တန်အသင်းတို့ သုံးသင်းလုံး ပြိုင်ပွဲပြီးဆုံးချိန်တွင် တန်းဆင်းခဲ့ရပြီးနောက်ပိုင်း ယခုနှစ် ဘောလုံးရာသီတွင် တန်းတက်လာခဲ့သည့် လူတန်၊ ဘန်လေနှင့် ရှက်ဖီးလ်(U) အသင်းတို့သည်လည်း ပထမဆုံး တန်းဆင်းခဲ့ရသည့် အသင်းများဖြစ်လာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် အမှတ်ပေးပွဲစဉ် (၃၇)အပြီးတွင် လူတန်၊ ဘန်လေ၊ ရှက်ဖီးလ်(U)တို့ တန်းဆင်းခဲ့ရပြီးနောက် ချန်ပီယံဆုအတွက် မန်စီးတီးအသင်းက ရမှတ် ၈၅ မှတ်ဖြင့် အဆင့်(၁)၊ အာဆင်နယ်အသင်းက ရမှတ် ၈၃ မှတ်ဖြင့် အဆင့်(၂)တွင် ရပ်တည်နေသောကြောင့် နောက်ဆုံးပွဲစဉ်အထိ ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# တိုက်စစ်မှူး ဆက်ကို ကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် တွေ့ဆုံခဲ့ကြောင်း အေစီမီလန်ပြောကြား

**မီလန် မေ ၁၂**

အေစီမီလန် အသင်းသည် အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် လိုက်ပ်ဇစ် အသင်းတိုက်စစ်မှူး ဆက်ကို ကိုခေါ်ယူရန် ကစားသမား၏ အေးဂျင့်ဖြစ်သူဘာဆာနိုဗစ်နှင့် တွေ့ဆုံခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အေစီမီလန် အသင်းသည် လော့အိန်ဂျလိစ် အသင်းသို့ ပြောင်းရွှေ့မည့် တိုက်စစ်မှူး ဂီရော့ဒ်၏နေရာတွင် အစားထိုးရန်အတွက် လိုက်ပ်ဇစ်အသင်းတွင် ခြေစွမ်းပြသနေသည့် ဆက်ကိုကို ခေါ်ယူရန်စီစဉ်ခဲ့ပြီး အစောပိုင်းက အာဆင်နယ်အသင်းအနေဖြင့် ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် တွေ့ဆုံခဲ့သောကြောင့် အေစီမီလန်အသင်းကလည်း လက်ဦးမှုရရှိရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နွေရာသီ အပြောင်းအရွှေ့ကာလမတိုင်မီ ကစားသမား၏ ကနဦးပြောင်းရွှေ့ကြေးမှာယူရို ၅၆ သန်းသာရှိသော်လည်း အာဆင်နယ်အသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် စိတ်ဝင်စားသည့် ကလပ်အသင်းများလာခဲ့ရာ လက်ရှိတွင် ပြောင်းရွှေ့ကြေးမှာ ယူရို ၇၃ သန်းထိ မြင့်တက်သွားသောကြောင့် အာဆင်နယ်အသင်း အနေဖြင့် စိတ်ဝင်စားမှု လျော့နည်းသွားပါက အေစီမီလန်အသင်း တာဝန်ရှိသူများအနေဖြင့် ဆက်ကိုကို ခေါ်ယူနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

လက်ရှိတွင် အသက် ၂၀ ရှိ ဆက်ကိုက ယူရို ၂၀၂၄ ပြိုင်ပွဲအတွက်သာ အာရုံစိုက်ထားကြောင်း ပြောကြားခဲ့ပြီး ဆလိုဗေးနီးယားအသင်းအတွက် ပြိုင်ပွဲစုံ ၂၇ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီ လိုက်ပ်ဇစ်အသင်းနှင့်လည်း ပြိုင်ပွဲစုံ ပွဲ ၃၀ တွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် ၎င်း၏ခြေစွမ်းများဖြင့် အသင်းအား ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။



**Ref : Sputnik**

**Trs : ML**

# MNL League Cup 2024 ပြိုင်ပွဲကို မေ ၁၃ ရက်မှ ၁၅ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် MNL League Cup 2024 ပြိုင်ပွဲကို မေ ၁၃ ရက်မှ ၁၅ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A) အုပ်စုပွဲစဉ်များအဖြစ် မေ ၁၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ GFA အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ညနေ ၄ နာရီ တက္ကသိုလ် အားကစားကွင်းတွင် မဟာယူနိုက်တက် အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်း၊ အုပ်စု(B) ပွဲစဉ်များအဖြစ် မေ ၁၄ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရိန်းဘိုးအသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ အုပ်စု(C) ပွဲစဉ်များအဖြစ် မေ ၁၅ ရက် ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ဧရာဝတီ ယူနိုက်တက်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် တက္ကသိုလ် အားကစားကွင်း၌ ဒဂုံစတား အသင်းနှင့် ဆေးဗားစတားအသင်း၊ အုပ်စု(D) ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာ အားကစားကွင်း၌ ရတနာပုံ အက်ဖ်စီအသင်းနှင့် ISPE အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရက္ခပူရယူနိုက်တက် အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Italian Open ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရာဖေးလ်နာဒယ်က ဟာကက်ဇ်ကိုရှုံးနိမ့်

**ရောမ မေ ၁၂**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် ပိုလန်တင်းနစ်ကစားသမား ဟာကက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟာကက်ဇ်က(၆-၁၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် ပထမအဆင့်တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သော်လည်း ဒုတိယအဆင့်မှ စတင်၍ ယှဉ်ပြိုင်ကစားခဲ့ရသည့် ဟာကက်ဇ်အား ပြတ်သားသည့် ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ရာဖေးလ်နာဒယ်သည် Italian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ၁၀ ကြိမ်အထိ ဆွတ်ခူးထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၁၁ ကြိမ်မြောက် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ရေးအတွက် အကောင်းဆုံး ပြင်ဆင်လာခဲ့သော်လည်း ဟာကက်ဇ်အား ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ရာဖေးလ်နာဒယ်သည် ဟာကက်ဇ်အား ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း စွမ်းဆောင်ရည်ပိုင်းနှင့် ပတ်သက်ပြီး စိတ်ပျက်ခဲ့ခြင်းမရှိခဲ့ဘဲ ဟာကက်ဇ်အနေဖြင့် အနိုင်ရလဒ်ဖြင့်ထိုက်တန်ကြောင်း ချီးကျူးစကားပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်သည် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း စိတ်ပျက်ခြင်းမရှိဘဲ ပွဲအပြီးတွင် ၎င်း၏ ပရိသတ်များဖြင့်တွေ့ဆုံခဲ့ပြီး ပရိသတ်များအတွက်လည်းအမှတ်တရ လက်မှတ်ရေးထိုးမှုများ ပြုလုပ်သွားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို လိုမာချန်ကို ဆွတ်ခူး

**ပက်သ် မေ ၁၂**

IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ယူကရိန်းလက်ဝှေ့သမား လိုမာချန်ကိုနှင့် သြစတြေးလျလက်ဝှေ့သမား ကမ်ဘိုဆော့တို့ သြစတြေးလျနိုင်ငံ ပက်သ်မြို့တွင် ထိုးသတ်ခဲ့ရာ လိုမာချန်ကိုက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လိုမာချန်ကိုနှင့် ကမ်ဘိုဆော့တို့ပွဲစဉ်တွင် ပရိသတ်ဦးရေ ၁၄၀၀၀ ကျော်ထိ တက်ရောက်အားပေးခဲ့ပြီး လိုမာချန်ကိုက သြစတြေးလျ ပရိသတ်များ ရှေ့မှောက်တွင် သြစတြေးလျ လက်ဝှေ့သမား ကမ်ဘိုဆော့အား ၁၁ ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။



ကမ်ဘိုဆော့သည် လိုမာချန်ကိုအား အနိုင်ထိုးသတ်နိုင်မည်ဟု ထင်ကြေးပေးခံထားရသော်လည်း လိုမာချန်ကိုက အကောင်းဆုံး စွမ်းဆောင်ပြကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့သည်။

လိုမာချန်ကိုသည် ရှစ်ချီမြောက်မှစတင်၍ ကမ်ဘိုဆော့အား တစ်ဖက်သတ် ဖိအားပေးထိုးသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး အားပါပြင်းထန်သော Jab ထိုးချက်ဖြင့် ကမ်ဘိုဆော့အား ဖိအားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ်ဘိုဆော့ အနေဖြင့်လည်း လိုမာချန်ကိုသည် အကောင်းဆုံး လက်ဝှေ့သမား စာရင်းဝင်တစ်ဦးဖြစ်ကြောင်း ပွဲအပြီးတွင် ချီးကျူးပြောကြားခဲ့သည်။

လိုမာချန်ကိုက "ဒီပွဲစဉ်အတွက် လေ့ကျင့်မှုတွေမှာ အချိန်ပေးခဲ့တယ်။ အကောင်းဆုံးလဲ လေ့ကျင့်ပြင်ဆင်ခဲ့တယ်။ ကြိုးဝိုင်းထဲမှာလဲ ကျွန်တော့်အနေနဲ့ အကောင်းဆုံး ကြိုးစား ထိုးသတ်နိုင်ခဲ့တယ်။ ကမ်ဘိုဆော့ဟာ တကယ့်စစ်မှန်တဲ့ ဖိုက်တာတစ်ယောက်ပါ။ ဒီပြိုင်ပွဲရဲ့ ရလဒ်နဲ့ပတ်သက်ပြီး အားရကျေနပ်မိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# Wells Fargo Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှောင်ဖီလီဆက်လက်ဦးဆောင်

**မြောက်ကာရိုလိုင်းနား မေ ၁၂**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် တတိယနေ့တွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ပြီး စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား အင်မ်ဆန်ဂျေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထားနိုင်ခဲ့သည်။

မက်အီလ်ရွိုင်းသည် ဒုတိယနေ့တွင် Bogey-free ရိုက်ချက်ရယူနိုင်ခဲ့သလို တတိယနေ့တွင်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာသို့တက်ရောက်လာနိုင်ခဲ့သလို အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ရှောင်ဖီလီနှင့် ရိုက်ချက်တစ်ချက်သာ ကွာဟတော့သည့် အခြေအနေသို့ ရောက်ရှိလာသည်။

မက်အီလ်ရွိုင်းက "နှစ်ရက်ဆက်တိုက် Bogey-free ရခဲ့တာဟာ ထူးခြားတဲ့စွမ်းဆောင်ရည်လို့ သတ်မှတ်နိုင်ပါတယ်။ ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာလို လုပ်နိုင်တယ်လို့ အလိုလိုခံစားမိလာတယ်။ ဒုတိယနေ့ကနေစတင်ပြီး စွမ်းဆောင်ရည်တိုးတက်လာသလို တတိယနေ့မှာတော့ အမှားအယွင်း အနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့တယ်။ ကစားရတဲ့ ဂေါက်ကလပ်ကလဲ အရမ်းကောင်းတယ်။ နှစ်ရက်ဆက်တိုက် အခုလို ကစားနိုင်တာကိုလဲ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ၂၀၂၄ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲရန် အဆင့်သတ်မှတ်ချက်၌ မြန်မာအသင်း မဲအိုးနံပါတ် (၄)တွင် ကျရောက်

**ရန်ကုန် မေ ၁၂**

၂၀၂၄ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲရန်အတွက် အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် မဲအိုးနံပါတ်(၄)တွင် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

၂၀၂၄ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲရန်အတွက် အဆင့်သတ်မှတ်ချက်ကို ပြီးခဲ့သည့် 2020 AFF Cup ပြိုင်ပွဲနှင့် 2022 AFF Cup ပြိုင်ပွဲတို့မှ စွမ်းဆောင်ရည်များအပေါ် အခြေခံ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး အုပ်စုမဲခွဲမှုကို လာမည့် မေ ၂၁ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲကို ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ စင်ကာပူအသင်း၊ မြန်မာအသင်း၊ ကမ္ဘောဒီးယားအသင်း၊ လာအိုအသင်းတို့က အုပ်စုအဆင့်မှ တိုက်ရိုက်ကစားရမည်ဖြစ်ပြီး တီမောလက်စ်တေ အသင်းနှင့် ဘရူနိုင်းအသင်းတို့မှာ ရှုံးထွက်အဆင့်ပွဲစဉ် ကစားပြီးမှသာ အနိုင်ရရှိမည့် အသင်းတစ်သင်းက ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲရန်အတွက် အဆင့်သတ်မှတ်ချက်မှ မဲအိုးနံပါတ်(၁)တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ မဲအိုးနံပါတ်(၂)တွင် အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်း၊ မဲအိုးနံပါတ်(၃)တွင် ဖိလစ်ပိုင်အသင်းနှင့် စင်ကာပူအသင်း၊ မဲအိုးနံပါတ်(၄)တွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မဲအိုးနံပါတ်(၅)တွင် လာအိုအသင်း၊ တီမောလက်စ်တေအသင်းနှင့် ဘရူနိုင်းအသင်းတို့မှ တစ်သင်း ကျရောက်ခဲ့ကြောင်း သိရသည်။

STA

**စပိန်လာလီဂါ ပွဲစဉ် (၃၅) ရလဒ်**

| | | |
|---|---|---|
| ကာဒီဇက် | ၁ - ၀ | ဂီတာဖေး |
| အေအီကို | ၁ - ၀ | ဆဲလ်တာဗီဂို |

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၃) ရလဒ်**

| | | |
|---|---|---|
| ဒမ်စတက် | ၀ - ၆ | ဟော်ဖန်ဟိမ်း |
| ဘိုင်ယန်မြူးနစ် | ၂ - ၀ | ဝုဖ်ဘတ် |

(၀၄၀)

# ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးတက်ရေး ရုန်းကန်နေရသောအမေရိကန်

မောင်စိန်အိ(နဘဲမြေ)

အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ဆယ်စုနှစ်များစွာကြာသည်ထိ လွတ်လပ်သောကုန်သွယ်မှုနယ်ပယ်၌ အောင်ပန်းဆင်နိုင်ခဲ့သည်။ စိုက်ပျိုးရေးကဲ့သို့သော ပြည်ပပို့ကုန်ကဏ္ဍများမှ များစွာအကျိုးဖြစ်ထွန်းခဲ့သည်။ စီးပွားရေးလုပ်ငန်းများစွာကလည်း လက်ရှိအချိန်ထိ အမေရိကန်ကို အထောက်အကူပြုလျက်ရှိသည်။

သို့သော် လက်ရှိအချိန်တွင် အမေရိကန်ကဲ့သို့ပင် ကျန်ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများကြား လွတ်လပ်သောကုန်သွယ်မှုနောက်ကွယ်မှ စီးပွားရေးဆိုင်ရာသဘောတရားသည် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းပိုမိုသက်သာသောနေရာများတွင် ထုတ်လုပ်သွားရန်ပင်ဖြစ်သည်။ သို့မှသာလျှင် စားသုံးသူများကို ပိုမိုအကျိုးဖြစ်ထွန်းလာစေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းယှဉ်ပြိုင်မှုမရှိသောနေရာများတွင် ကုန်ထုတ်လုပ်မှုစက်ရုံများတည်ဆောက်ခြင်းသည် လွဲမှားစွာရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဈေးနှုန်းသက်သာသောနေရာများသို့ ရွှေ့ပြောင်းထုတ်လုပ်လာသောကြောင့် အချို့သောစက်ရုံ၊ အလုပ်ရုံများမှ လုပ်သားများသည် အလုပ်အကိုင်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် အမေရိကန်တွင် ပြည်သူများ အလုပ်အကိုင်မဲ့ဖြစ်လာသောကြောင့် လွှတ်တော်အမတ်များသည် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များကို ဆက်လက်ထောက်ခံခြင်းမရှိတော့ပေ။ အမှန်တော့ အမေရိကန်သမ္မတများသည် စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒများ ပြောင်းလဲရမည့်အစား အခွန်စည်းကြပ်ကောက်ခံမှုများကိုသာ တိုးမြှင့်ခဲ့သဖြင့် ပြည်သူများစားဝတ်နေရေးကျပ်တည်းလာခဲ့သည်။

ဆိုရလျှင် အမေရိကန်အမျိုးသားလုံခြုံရေးဆိုင်ရာ မူဝါဒရေးဆွဲသူများသည် လွတ်လပ်သောကုန်သွယ်မှုအပေါ် စိုးရိမ်ပူပန်မှုအမျိုးမျိုးဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် တရုတ်(တိုင်ပေ)အရေးနှင့် စပ်လျဉ်း၍ စစ်မက်ဖြစ်ပွားလာနိုင်မှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ ထိုသို့ ဖြစ်ပွားလာမည်ကို မည်သူမျှမလိုလားသော်လည်း ထိုသို့ ဖြစ်ပွားလာခဲ့လျှင် အမေရိကန်စက်မှုလုပ်ငန်းသည် စစ်ဘက်အသုံးအဆောင်များ ဆက်လက်ထုတ်လုပ်ရန် အကျပ်အတည်းဖြစ်ပေါ်လာမည်ဖြစ်သည်။ အမေရိကန်တို့အနေဖြင့် ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်း အောင်မြင်မှုရရှိခဲ့သည့်အချိန်၌ ကမ္ဘာ့အကြီးမားဆုံးစစ်လက်နက်ထုတ်လုပ်သူအဖြစ် ရပ်တည်ခဲ့သည်။

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဗြိတိန်၊ တရုတ်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အထူးသဖြင့် အမေရိကန်တို့ပါဝင်သော မဟာမိတ်နိုင်ငံများသည် တင့်ကားနှင့် ထရပ်ကား ၄ ဒသမ ၄ သန်း တည်ဆောက်ခဲ့ပြီး ဂျပန်၊ ဂျာမနီ၊ အီတလီတို့ပါဝင်သည့် ဝင်ရိုးတန်းနိုင်ငံများသည် အစီးရေ ၆၇၀၀၀၀ သာ တည်ဆောက်ခဲ့သည်။ အလားတူ မဟာမိတ်နိုင်ငံများသည် လေယာဉ် အစင်းရေ ၆၃၇၀၀၀ တည်ဆောက်ခဲ့သည့်အချိန်တွင် ဝင်ရိုးတန်းနိုင်ငံများသည် အစင်းရေ ၂၂၉၀၀၀ သာ တည်ဆောက်နိုင်ခဲ့သည်။ မဟာမိတ်နိုင်ငံများသည် စစ်ရေယာဉ် အစီးရေ ၅၅၀၀၀ တည်ဆောက်နိုင်ခဲ့သည့်အချိန်တွင် ဝင်ရိုးတန်းနိုင်ငံများသည် အစီးရေ ၁၇၀၀၀ သာ တည်ဆောက်နိုင်ခဲ့သည်။

အမှန်တော့ အမေရိကန်သည် စစ်လက်နက်အသုံးအဆောင်များစွာ ထုတ်လုပ်နိုင်ခဲ့သောကြောင့် စစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် စစ်သင်္ဘောများနှင့် ပို့ဆောင်ရေးသင်္ဘောများကို ဂျပန်ထက် အလျင်အမြန်တည်ဆောက်နိုင်ခဲ့သည့်အပြင် ထိုစဉ်က တည်ဆောက်ခဲ့သည့် စစ်သင်္ဘောအရေအတွက်ကို ခန့်မှန်းတွက်ချက်ရန်ပင် ခက်ခဲခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် အမေရိကန်သည် ဒုတိယကမ္ဘာစစ်ပွဲကာလကဲ့သို့ပင် စစ်လက်နက်ပစ္စည်းများတည်ဆောက်နိုင်သည့် စက်မှုခေတ်မျိုးမရှိတော့ကြောင်းကို မူဝါဒချမှတ်သူများ သဘောပေါက်ထားပြီးဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်ထုတ်လုပ်မှုအကြီးမားဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ အမေရိကန်အနေဖြင့် ၁၉၄၀ ပြည့်လွန်နှစ်များတွင် ၎င်း၏နောက်တွင် ဂျပန်နောက်ကျကျန်ရစ်ခဲ့ရသလို တရုတ်၏နောက်တွင် နောက်ကျကျန်ရစ်ခဲ့ခြင်းမရှိသော်လည်း ခေတ်မီလက်နက်ပိုင်ဆိုင်ထားသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ရပ်တည်နိုင်စွမ်းမရှိတော့ပေ။

လက်ရှိအချိန်တွင် အမေရိကန်သည် ကမ္ဘာ့ဒုတိယအကြီးမားဆုံးကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းကို ပိုင်ဆိုင်ထားရှိပြီး နှစ်စဉ်ကုန်ထုတ်လုပ်မှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံထိ ရှိခဲ့သည်။ သို့သော် စစ်ပွဲအတွက် အရေးပါဆုံးသော အသုံးအဆောင်များ အလုံအလောက်ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ မေးခွန်းများပေါ်ထွက်လျက်ရှိသည်။

အမေရိကန်အနေဖြင့် ဓာတုပစ္စည်းများ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ထုတ်ကုန်များ၊ အစားအစာ၊ အချိုရည်နှင့် ဆေးလိပ်ထုတ်ကုန်များကို အဓိကထုတ်လုပ်လျက်ရှိသည်။ သို့သော် အမေရိကန်သည် သင်္ဘောတည်ဆောက်ရာတွင် နောက်ကျကျန်ရစ်ခဲ့သည်။ အမေရိကန်ရေတပ်အင်စတီကျု၏ အဆိုအရ တရုတ်နိုင်ငံသည် သင်္ဘောတည်ဆောက်ရာတွင် ကမ္ဘာ့ဈေးကွက်၏ ၄၇ ရာခိုင်နှုန်းခန့်ရှိပြီး တောင်ကိုရီးယားနိုင်ငံသည် ၂၉ ရာခိုင်နှုန်းဖြင့် ဒုတိယအဆင့် ရပ်တည်လျက်ရှိကာ ဂျပန်နိုင်ငံသည် ၁၇ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ဆိုရလျှင် အမေရိကန်သည် တစ်ရာခိုင်နှုန်းအောက်တွင်သာ ရပ်တည်လျက်ရှိသည်။

အမေရိကန်သည် လေယာဉ်တင်သင်္ဘောတစ်စီး တည်ဆောက်ရန် ငါးနှစ်ကျော်အချိန်ယူရသည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်ကြားတွင် အမေရိကန်သည် Essex အတန်းအစားလေယာဉ်တင်သင်္ဘော ၂၄ စီးထိ တည်ဆောက်နိုင်ခဲ့သည်။ ၎င်းလေယာဉ်တင်သင်္ဘောများသည် လက်ရှိသင်္ဘောများလောက် ခေတ်မီခြင်းမရှိသော်လည်း အရေအတွက်အားဖြင့်မူ ကွာခြားချက်ကြီးမားလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ကို အင်အားသုံးသိမ်းပိုက်ရန် ကြိုးပမ်းလာမည်ဆိုလျှင် အမေရိကန်စက်မှုလုပ်ငန်းအပေါ် ကြီးမားသည့်



စမ်းသပ်မှုကြီးဖြစ်လာမည်ဖြစ်သည်။ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာန (CSIS)က လုပ်ဆောင်သော စစ်ရေးလေ့ကျင့်ခန်းများအရ အမေရိကန်အနေဖြင့် ထိုင်ဝမ်ရေလက်ကြားဖြတ်ကျော် ပဋိပက္ခတွင် ရက်သတ္တတစ်ပတ်အတွင်း တာဝေးပစ်တိကျပဲ့ထိန်းဒုံးကျည်ကဲ့သို့သော ခဲယမ်းတချို့ပြတ်လပ်မှုဖြစ်ပေါ်နိုင်ကြောင်း ကောက်ချက်ချထားသည်။

ထိုသို့ ဖြစ်ပေါ်လာပြီဆိုလျှင် အမေရိကန်အနေဖြင့် ပဋိပက္ခကို ရေရှည်ထိန်းချုပ်ထားနိုင်ရေးအတွက် ကြီးမားသော အခက်အခဲဖြစ်လာမည်ဖြစ်ကြောင်း၊ အမေရိကန်ကာကွယ်ရေး စက်မှုလုပ်ငန်းများသည် အကြီးစားစစ်ပွဲအတွက် စစ်လက်နက်ပစ္စည်းအလုံအလောက်ထုတ်လုပ်နိုင်သည့် စွမ်းဆောင်ရည်မရှိတော့ကြောင်း CSIS က ကောက်ချက်ချထားသည်။

ထိုအတောအတွင်း တရုတ်နိုင်ငံသည် လက်နက်ပိုင်ဆိုင်မှုတွင် အမေရိကန်ထက် ခြောက်ဆကျော်လွန်လာပြီဖြစ်သည်။ တရုတ်(တိုင်ပေ)အရေးတွင် တရုတ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းအမြောက်အမြားထုတ်လုပ်နိုင်မှုစွမ်းဆောင်ရည်သည် အမေရိကန်ကို နောက်ကောက်ကျစေမည်ဖြစ်သည်။ ဆိုရလျှင် ငြိမ်းချမ်းချိန်တွင် မိမိကိုယ်ကိုကျေနပ်နေမှုသည် စစ်လက်နက်ထုတ်လုပ်မှုအခန်းကဏ္ဍကို အပြောင်းအလဲဖြစ်စေခဲ့သည်။ အမေရိကန်သည် စစ်ပွဲများအဆုံးသတ်ပြီးချိန်တွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အမြဲတစေလျှော့ချလေ့ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးခုကျော် စစ်အေးတိုက်ပွဲကာလပြီးဆုံးပြီးနောက် အမေရိကန်သည် စက်မှုလုပ်ငန်းကို ပိုမိုကျစ်လျစ်သိပ်သည်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော် လွတ်လပ်သောကုန်သွယ်မှုသည် အမေရိကန်-တရုတ်ယှဉ်ပြိုင်မှုတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်လျက်ရှိပေသည်။ တရုတ်နိုင်ငံကို ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့သို့ ဝင်ခွင့်ပြုခဲ့သည့်အချိန်တွင် လွတ်လပ်သောကုန်သွယ်မှုသဘောတရားအရ အမေရိကန်တို့နစ်နာမှုရှိခဲ့သည်။ တရုတ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ၊ ဈေးနှုန်းချိုသာသောလုပ်သားများနှင့် အစိုးရ၏ထောက်ပံ့ငွေထုတ်ပေးမှုများသည် ကမ္ဘာ့ကုန်ထုတ်လုပ်မှုအတွက် အခွင့်အလမ်းသာသောနေရာဖြစ်လာခဲ့သည်။ အခြားနိုင်ငံများမှ ကုန်ထုတ်လုပ်သူများသည် တရုတ်နိုင်ငံသို့ရွှေ့ပြောင်းကာ ကုန်ထုတ်လုပ်မှုများလုပ်ဆောင်လာခဲ့သည်။ အမေရိကန်ရှိ အချို့သောစက်ရုံများသည် ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့်အတွက် ပိတ်သိမ်းခဲ့ရသည်။ အမေရိကန်ကာကွယ်ရေးစက်မှုလုပ်ငန်းများ လျော့ကျလာခြင်းသည် အမေရိကန်လက်နက်ထုတ်လုပ်သူများကို အကျိုးအမြတ်ရရှိမှု ဆုတ်ယုတ်လာစေခဲ့သည်။ တရုတ်နိုင်ငံသည် သံမဏိထုတ်လုပ်ရာတွင် အမေရိကန်ထက် ၁၀ ဆ ကျော်လွန်ခဲ့သည်။

အမှန်တော့ အချိန်နှင့် ဘတ်ဂျက်အလုံအလောက်ပေးမည်ဆိုလျှင် ကာကွယ်ရေးစက်မှုလုပ်ငန်းများကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။ လွှတ်တော်က ခွင့်ပြုထားသောနိုင်ငံခြားအထောက်အပံ့ဥပဒေမူကြမ်းသည် အမေရိကန်၏ လက်နက်ခဲယမ်းပံ့ပိုးမှုများကို ထပ်မံဖြည့်ဆည်းပေးမည့်ခွင့်ပြုငွေများလည်းပါဝင်သည်။ ထို့ပြင် မဟာမိတ်များကလည်း ထောက်ပံ့ကူညီနိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် မကြာသေးမီက ပြည်ပသို့စစ်လက်နက်ပစ္စည်းများတင်ပို့မှုကန့်သတ်သည့် မူဝါဒကိုစွန့်လွှတ်ခဲ့ပြီး Patriot ဒုံးကျည်များပံ့ပိုးမည့် အမေရိကန်၏ လက်နက်ဖြည့်တင်းမှုအစီအစဉ်ကို အကူအညီပေးခဲ့သည်။

မည်သို့ပင်ဆိုစေ စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုအခြေစိုက်စခန်းများကို ပြန်လည်တည်ဆောက်ခြင်းသည် ခက်ခဲသောလုပ်ငန်းစဉ်ပင်ဖြစ်သည်။ အခွန်စည်းကြပ်မှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒသည် ကာကွယ်ရေးစက်မှုလုပ်ငန်းများ အားနည်းလာမှုကို ရပ်တန့်စေပြီး ပြည်တွင်း၌ နည်းပညာမြင့်မားသော စက်မှုလုပ်ငန်းများ ဖန်တီးသွားနိုင်သော်လည်း ပိုမိုကျယ်ပြန့်သောစက်မှုခေတ်သို့တစ်ဖန်ပြန်လည်ရောက်ရှိဖွယ်ရာမရှိတော့ပေ။

အမေရိကန်စီးပွားရေးသည် ဝန်ဆောင်မှုများနှင့် အဆင့်မြင့်နည်းပညာသို့ ကူးပြောင်းလာလျက်ရှိသည်။ အမေရိကန်၏ ကာကွယ်ရေးစက်မှုလုပ်ငန်းကို တစ်ဖန်ဆန်းသစ်နိုင်ရေးအတွက် အစိုးရ၏စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုသည် လုံလောက်မှုရှိသလားဆိုသောအချက်မှာမူ ခန့်မှန်းရခက်ခဲလျက်ရှိသည်။ သို့သော် တရုတ်အစိုးရ၏ကြိုးပမ်းမှုများကိုမူ စိတ်ကူးဖြင့်တွေးကြည့်နိုင်ပေသည်။ တရုတ်သည် ၎င်း၏ စီးပွားရေးဆိုင်ရာ အကျပ်အတည်းများကို ကုန်ထုတ်လုပ်မှုများပံ့ပိုးခြင်းနှင့် ပြည်ပပို့ကုန်များတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းလျက်ရှိသည်။ အမေရိကန်အနေဖြင့်မူ ကိုယ်ကျိုးစီးပွားကာကွယ်မှုကိုသာအလေးထားလျက်ရှိသဖြင့် စီးပွားရေးနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းများ တိုးတက်မှုကိုဖော်ဆောင်နိုင်စွမ်းမရှိတော့ဘဲ တရုတ်နိုင်ငံ၏နောက်တွင် နောက်ကျကျန်ရစ်ခဲ့ရပေတော့သည်။

**ကိုးကား**

**–US is no longer the arsenal of democracy By Asia Times.**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တောင်ငူမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် စွယ်တော်မြတ်နှစ်ဆူ လှည့်လည်ပူဇော်ပွဲ ကျင်းပမည်



**တောင်ငူ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် စွယ်တော်မြတ်နှစ်ဆူ လှည့်လည်ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးယဉ်ငွေးက ပြောပြ၍ သိရသည်။

တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် စွယ်တော်မြတ်နှစ်ဆူ လှည့်လည်ပူဇော်ပွဲကို မေ ၁၅ ရက်မှစတင်ကာ မေ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

"နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ တောင်ငူမြို့ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီမြတ်ကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို လာမဲ့ မေ ၁၅ ရက်မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ ဗုဒ္ဓပူဇနီယပွဲတော်မှာ ဗုဒ္ဓပူဇာအနေနဲ့ ဘုရားအနေကဇာတင်ပွဲ၊ ဓမ္မပူဇာအနေနဲ့ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ထည့်သွင်း ပြုလုပ်မှာဖြစ်ပါတယ်။ ရွှေဆံတော်စေတီမြတ်ကြီးမှာ ကိန်းဝပ်စံပယ်တော်မူနေတဲ့ တရုတ်နိုင်ငံမှပင့်ဆောင်လာသော စွယ်တော်မြတ်တစ်ဆူ၊ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသော စွယ်တော်မြတ်တစ်ဆူကိုလဲ ဝင်းခင်းသဘင်နဲ့အတူ မေ ၂၂ ရက်မှာ တောင်ငူမြို့တွင်း လှည့်လည် ပူဇော်ခံမှာဖြစ်ပါတယ်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂၂ ရက် ညနေပိုင်းမှာ စေတီတော်ရင်ပြင် အနောက်မြောက်ထောင့်က ဗောဓိညောင်ပင်မှာ ကျင်းပမှာဖြစ်ပါတယ်"ဟု ဦးယဉ်ငွေးက ပြောပြ၍ သိရသည်။ ASH

# ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် စိတ်ကျေနပ်စွာ ရွေးချယ်ပါ ပန်းချီကားများ Group Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် စိတ်ကျေနပ်စွာရွေးချယ်ပါ ပန်းချီကားများ Group Exhibition ပန်းချီပြပွဲကို ပြသလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသသူ ပန်းချီ မင်းဇော်က ပြောပြ၍ သိရသည်။

စိတ်ကျေနပ်စွာ ရွေးချယ်ပါ ပန်းချီကားများ Group Exhibition ပန်းချီပြပွဲတွင် Artistic Space Art Gallery မှ စုဆောင်းထားသည့် ပန်းချီဆရာများ၏ ပန်းချီလက်ရာများကို မေ ၁၁ ရက်မှစတင်ကာ မေ ၁၅ ရက်ထိ စုစည်း ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကတော့ Artistic Space Art Gallery က စုဆောင်းပြသထားတဲ့ ပန်းချီဆရာအယောက် ၃၀ လောက်ရဲ့ လက်ရာမွန်ပန်းချီကား ၁၀၀ ကျော်ကို လေ့လာအကဲဖြတ်ခွင့်ရမှာပါ။ ပန်းချီဆရာများစွာရဲ့ ပန်းချီလက်ရာကောင်းတွေကို လေ့လာစုဆောင်းလိုသူတွေအတွက် ခင်းကျင်းပြသသွားမှာဖြစ်လို့ လာရောက်လေ့လာကြည့်ရှုနိုင်ပါတယ်"ဟု ပန်းချီ မင်းဇော်က ပြောပြသည်။



စိတ်ကျေနပ်စွာ ရွေးချယ်ပါ ပန်းချီကားများ Group Exhibition ပန်းချီပြပွဲတွင် ပန်းချီ မင်းဇော်၊ မင်းထွန်း၊ ကြည်သိန်း၊ ငြိမ်းချမ်းဆု၊ အိုလီဗာကိုလေး၊ ဇာနည်၊ သန်းကျော်ငွေး၊ ထွန်းဝင်း၊ မျိုးမြတ်မင်း၊ သက်အောင်၊ အောင်နိုင်မောင်၊ မောင်ဒီ၊ နုနု၊ မုတ်သုန် စသည့်ပန်းချီဆရာများ၏ လက်ရာစုံ ပန်းချီကားများကို ခင်းကျင်းပြသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသနေသည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# The Lord of the Rings ဇာတ်ကား ရိုက်ကူးရေး ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ စီစဉ်နေပြီဖြစ်

**နယူးယောက် မေ ၁၂**

The Lord of the Rings ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်ကြောင်း မေ ၁၁ ရက် သတင်းများအရ သိရသည်။

ထို့ပြင် The Lord of the Rings: The Hunt for Gollum အမည်ရှိ အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် ရုံတင်ပြသရန် ဝါနာဘရားသားက စီစဉ်ထားသည်။

The Lord of the Rings: The Hunt for Gollum ဇာတ်ကားကို ဒါရိုက်တာ မင်းသား အင်ဒီဆားကစ်က ရိုက်ကူးမည်ဖြစ်ပြီး အဓိကဇာတ်ကောင်ဖြစ်သည့် Gollum အဖြစ် ပါဝင်မည်ဖြစ်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ယခင်ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်သည့် The Lord of the Rings ဇာတ်ကား သုံးကားစလုံးသည် ရုပ်ရှင်ဈေးကွက်၌အောင်မြင်မှုများရရှိခဲ့သည်။

The Lord of the Rings: The Return of the King (2003) ဇာတ်ကားဆိုလျှင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ထိ ရရှိခဲ့သည်။

ထို့ပြင် The Lord of the Rings ဇာတ်ကားများသည် အော်စကာဆုပေါင်း ၃၀ ၏ဆန်ခါတင်စာရင်းများတွင်ပါဝင်ခဲ့ပြီး ဆုပေါင်း ၁၇ ဆုထိရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# Belly of the Beast ဇာတ်ကား၌ မင်းသား ကောလင်းဖာရဲနှင့် ဘင်စတယ်လာတို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၂**

Belly of the Beast ဇာတ်ကားတွင် မင်းသား ကောလင်းဖာရဲနှင့် ဘင်စတယ်လာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာတစ်ဦးနှင့်အလုပ်သင်တပည့်တစ်ဦးတို့ကြား ဆက်ဆံရေးပုံစံကို အခြေခံရိုက်ကူးမည့်ထိတ်လန့်သည်းဖို မှုခင်းဇာတ်ကားဖြစ်ကြောင်း သိရသည်။

Belly of the Beast ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးဟိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ အင်ဒရူးဟိုက်သည် All of US Strangers ဇာတ်ကားကို ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။


Belly of the Beast ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း အင်ဒရူးဟိုက်ကပင် ဇာတ်ညွှန်းရေးဆရာ အလက်ဆစ်ဂျိုလီနှင့်ပူးတွဲရေးသားထားခြင်းဖြစ်သည်။

လက်ရှိတွင် Belly of the Beast ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# 28 Years Later ဇာတ်ကား၌ မင်းသား ဂျက်အိုကွန်နဲ သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ 28 Years Later ဇာတ်ကားတွင် မင်းသား ဂျက်အိုကွန်နဲ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၁ ရက် သတင်းများအရ သိရသည်။

28 Years Later ဇာတ်ကားတွင် မင်းသား ဂျက်အိုကွန်နဲသည် မင်းသား အေရွန်တေလာဂျွန်ဆင်၊ မင်းသမီး ဂျိုဒီကမ်မာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

28 Years Later ဇာတ်ကားသည် 28 Years Later ဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး စုစုပေါင်းသုံးကားထိ ဆက်လက်ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

28 Years Later ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒန်နီဘွိုင်းက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် 28 Years Later ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets state, district and township level departmental officials and local elders from Kengtung, Shan State (East)



Senior General Min Aung Hlaing meets departmental officials in Kengtung.



**Nay Pyi Taw May 12**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met state, district and township level departmental officials and local elders from Kengtung, Shan State (East) at Kengtung Townhall this morning and discussed regional development.

Present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Lt-Gen Nyo Saw, union ministers, the Shan State chief minister, senior military officers from Office of Commander-in-Chief, the Triangle Region Command commander, local people and officials.

**Regional facts and development discussed**

Chief Minister U Aung Aung reported on local points, regional development undertakings, implementation of the guidance of the Head of State, farming and development undertakings in the region, financial year wise progress, border export business, efforts to develop various sector including education, health and transport. Local elders and officials presented reports on establishment of more air services to Kengtung area, upgrading of government technological high school and requirements for regional development.

Union Minister General Mya Tun Oo and the chief minister explained ongoing flights to Shan State (East) and demand-based extension programs, presentation of technological high school extension project to the relevant ministries after making an evaluation.

**Rule of law and anti-illicit business campaign**

In his speech, the Senior General said Shan State (East) was notorious for its drug business in the past. Illicit businesses including drug trafficking must be eliminated in the area. Tatmadaw has been launching counternarcotics operations for many years as a national task. Drug trafficking continues because of weakness in the rule of law and regional instability. Drug production and trafficking must be curbed in Shan State (East). Likewise the government is effectively eliminating online gambling and fraud and the participation of locals is also required.

**Production of farm-based goods**

The government has provided robust support for the production industry of Shan



Senior General Min Aung Hlaing meets town elders in Kengtung.

State (East). If the area can produce and export farm products to neighbouring countries its income will increase and socio-economy will improve. Efforts should be made to turn local produce into marketable goods by using advanced technology. Adequate water supply must be available for farming undertakings. The area now has successful production businesses. Hence, the area must strive to produce farm products more and to support farm-based production industry.

*See Page 14*



Senior General Min Aung Hlaing presents a gift to a town elder.



Senior General Min Aung Hlaing greets town elders in Kengtung.

# SAC Chairman Prime Minister Senior General Min Aung Hlaing attends inauguration of newly-built Haw Palace of Kengtung Saopha Sao Kawng Kiao Intaleng


The ceremony to open the Haw Palace in progress.

**Nay Pyi Taw May 12**

A ceremony to inaugurate the already-built museum which is a replica of Haw Palace of Kengtung Saopha Sao Kawng Kiao Intaleng took place at the land of Haw Palace in Haw Palace Park on Nawngtong lake circular road in Ward 5 of Kengtung, Shan State (East) this morning, with attendance of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, SAC Joint Secretary Lt-Gen Ye Win Oo and his wife, council members and their wives, Union ministers and their wives, the Shan State Chief Minister and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Triangle Region command, relatives of Kengtung Saopha Sao Kawng Kiao Intaleng, departmental officials, town elders, resident people, national race cultural troupes and students.

On arrival at the venue where the ceremony would be held, the Senior General, his wife and officials were warmly welcomed by relatives of Kengtung Saopha Sao Kawng Kiao Intaleng, town elders and local people, national race cultural troupes and students.

At the ceremony, the master of ceremonies explained emergence of the Haw Palace. Town elder U Sai Yi Tip Pawong said that it is an auspicious day for Kengtung for seeing Kengtung Haw Palace Replica Museum which was lost for many years. People of Kengtung have been striving for rebuilding the museum in successive eras but missions failed. So, he expressed thanks and pleasure to the Senior General and all officials for his guidance to build Kengtung Haw Palace Replica Museum of Kengtung Saopha Sao Kawng Kiao Intaleng and it is a great auspicious day for emergence of the museum for Kengtung. Residents are pleasure for re-emergence of the Kengtung Haw Palace Replica Museum.

SAC Joint-Secretary Lt-Gen Ye Win Oo, Council members General Mya Tun Oo and Lt-Gen Nyo Saw, Shan State Chief Minister U Aung Aung and member of the Advisory Board to the SAC Chairman Dr Daw Yin Yin New cut the ribbon to inaugurate the newly-built museum.

The Senior General unveiled the stone plaque of the museum and sprinkled scented water on it whereas relatives of Kengtung Saopha Sao Kawng Kiao Intaleng and town elders also sprayed the stone plaque.

The Senior General presented cash awards to the band, pom-pom dance troupes, national race traditional dance troupes, national race cultural troupes, and officials who built the museum.

The Senior General, wife and party viewed round documentary photos of the Saopha, his family members and relatives, documentaries, utensils, and formation of rooms in the Haw Palace displayed at the museum. The Senior General discussed gathering of more historical documentaries, systematic preservation of ancient utensils, and installation of glass for partitions to systematically keep the documentaries and instructed officials to maintain the museum in generations.


Senior General Min Aung Hlaing hears report on preparations for Haw Palace museum.

Construction on the Kengtung Hawnan Palace, attributed to Kengtung Saopha Sao Kawng Kiao Intaleng, commenced in 1903 under the supervision of Indian experts, reaching completion in 1906. A harmonious fusion of Shan and Burmese architectural elements, with traces of European and Indian influences, adorns its design. Generations of the ruling family, including Kengtung Saopha Sao Kawng Kiao Intaleng's son Sawbwa Sao Kaung Tai and grandson Sawbwa Sao Sai Lon, inhabited its grandeur until 1959. Subsequently repurposed as a government office in 1962, the palace has undergone meticulous restoration, culminating in its auspicious reopening today, following a directive by the Chairman of the State Administration Council Prime Minister in response to appeals from the royal lineage, kin, and local populace. Preserving these sacred edifices imbued with the essence of diverse ethnic legacies honors our nation's rich heritage while fostering unity among its inhabitants, bound by shared geography and destiny. This collective stewardship of our cultural treasures augurs well for a future marked by mutual trust, peace, and socio-economic prosperity.

Next, the Senior General and party inspected the upgrading of the Kengtung Airport. At the briefing hall of the project, SAC member Union Minister for Transport and Communications General Mya Tun Oo and Director of Directorate of Military Engineering Maj-Gen Zaw Naing Oo reported on the airport's background history and facts, and the upgrading of the runway and airport building.

*See Page 14*


Senior General Min Aung Hlaing views documentary photos of Haw Palace.


Senior General Min Aung Hlaing views royal utensils.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to the Sayadaw.

*From Page 13*

After hearing the reports, the Senior General said that Kengtung, nestled as the capital of Shan State (East), stands somewhat isolated from major road networks, yet its allure lies in the untouched natural splendor that beckons travelers. From the serene Buddha Park in Pankwe village to the meticulously reconstructed Kengtung Hawnan replica museum, and the tranquil waters of Nongton Lake, to the scenic retreat of Lwemway mountain resort, the region boasts an array of captivating destinations. Amidst this scenic backdrop, a thriving community of small and medium-sized enterprises (SMEs) contributes to the local economy, crafting a diverse range of goods. Anticipating future demands, the ongoing refurbishment of Kengtung Airport accommodates modern jet travel, facilitating access to remote locales within the country. Plans to extend connectivity further involve establishing direct flight routes from neighboring Laos, China, and Thailand to Kengtung Airport, envisaging a robust tourism sector and bolstering socio-economic advancement for the region's inhabitants. Essential to these efforts is the meticulous construction and enhancement of airport infrastructure, ensuring safe landings in all weather conditions through comprehensive runway upgrades and facility installations.

Next, the Senior General and party inspected the site for the new airport construction and upgrading tasks for the runway and left necessary instructions.

The Senior General, wife and party visited and paid homage to the 99-year-old Presiding Sayadaw of Kyaingyin Monastery Agga Maha Saddhama Jotikadhaja Bhaddanta Khemacara on the evening of May 10.

The Senior General and wife asked after the health of the Sayadaw and made a cash donation. His entourage members SAC members, union ministers and deputy ministers also made their cash donations.

Later, the Senior General went round in the monastery and gave instructions to officials on maintenance measures for the monastery. 100

*From Page 12*

**Emergence of competent human resources**

In carrying out manufacturing tasks, emphasis must be placed on modern industries rather than on traditional ones. To do so, it is necessary to turn out competent human resources instilled with knowledge and wisdom education must be encouraged. As the government has taken measures to create opportunities to study higher education in the Kengtung region, it is necessary utilize the opportunities most beneficially. As Shan State (East) is educationally weak, education has been promoted for a long time. It is necessary for students to acquire education seriously. Parents are also required to promote education. The government has opened agriculture, livestock breeding and technical high schools to develop human resources in the agriculture, livestock breeding and industrial sectors. Measures are being taken to open institutes, colleges and universities to create opportunities to study higher education. It is necessary to nurture health, information and engineering technicians in Shan State (East). It is necessary to study fine literary works to acquire knowledge outside school curriculums. To do so, the government has been placing emphasis on development of reading habits, expansion of libraries, availability of books and journals and development of libraries.

**Development of tourism**

The government has been taking necessary measures for tourism development in Shan State (East). Tasks are being carry out to upgrade Tachilek and Kengtung airports and foreign tourists from neighboring countries will visit there by flights. As the Kengtung region boasts favorable conditions such as natural forests and mountains and ancient heritage for the success of tourism, measures must be taken for tourism development. As visits of foreign tourists into the region can accelerate the money circulation and development of the region, local residents and departmental officials are required to make concerted efforts for regional scenery, accommodation, food and catering regional food items properly.

**Regional development can be achieved when stability is restored**

The government has been concerted efforts for all round development of the country and regions and states are required to do the same for regional development. As stability is essential for regional development, local residents must make efforts for regional development. If administrative bodies, town elders and local residents make concerted efforts, regional stability and development can be achieved and national development can be realized. Everyone is urged to exert concerted efforts.

Then, the Senior General met with town elders in Kengtung at the guest house of the Triangle Region Command cordially this afternoon and attended to the needs reported by them.

After the meeting, the Senior General presented miniature models of Maravijara marble Buddha images to town elders and greeted them cordially. 100

# Pwintbyu Township farmers cultivate 73,466 acres of summer crops, highlighting summer paddy

**Pwintbyu May 12**

A total of 73,466 acres of summer crops, including summer paddy, have been planted in the summer crop growing season in Pwintbyu Township, Magway Region, said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

A total of 31,287 acres of paddy and 37,348 acres of sesame have been earmarked for planting in the summer crop growing season in Pwintbyu Township. The summer paddy has been planted since February, and 23,668 acres have been planted so far. Planting of summer sesame started in early March, and till now 47,452 acres have been planted. It is reported that the planting of pre-rain green beans started at the end of February, and 2,346 acres have been planted to date, totaling 73,466 acres of summer crops.

"Now, among the summer crops, the planting of summer sesame has been completed beyond the designated acreage. We are working to help farmers to get good varieties," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

Ye Win Naing (NyaungU)

# Fresh chilli fetches K2,000 per viss in Mandalay market

**Mandalay May 12**

Farmers from various areas in Mandalay Region send their fresh chillies into Mandalay market, fetching K2,000 per viss, according to the Chilli Market and Technological Development Association.

Chilli is being produced from Kyaukse, Pyawbwe, Wundwin, Yamethin and other townships in Mandalay Region. The chilli gets K1,900 to K2,000 per viss in the domestic market, said Chair of the association Daw Ohnma Kyaw.

She explained, "Fresh and dried chillies are being sent to Myawady market. Current prices of chilli are not better. Now, merchants raise demands to purchase chilli. Currently, chilli is being distributed to domestic market only."

Depending on climatic conditions, distribution of chilli is being conducted to domestic market. Fresh chillies come from Ayeyawady and Mandalay regions, Shan State, Magway, Nga[he, Thazi, Kyaukse, Kume, Myittha, Hanmyintmo, Yamethin and Monywa townships. 185


**Public Notice for Elimination of Violence**

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နှင့်ဂျာမနီတို့ ပထမအကြိမ် ပူးတွဲမြေပြင်စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဆွေးနွေးခဲ့



ဂျာမနီကြည်းတပ်သည် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် လာမည့်နှစ်တွင် ဂျပန်နိုင်ငံကြည်းတပ် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် မြေပြင်စစ်ရေး လေ့ကျင့်မှုများ ပူးတွဲပြုလုပ်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ဂျပန်နိုင်ငံ၌ပြုလုပ်မည့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည့် ဂျာမနီနိုင်ငံ၏ တာဝန်တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားချက်ကို ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာနက ရေးသားဖော်ပြထားသည်။

ဆက်လက်၍ နှစ်နိုင်ငံ ကြည်းတပ်စစ်ရေးလေ့ကျင့်မှုများ ပူးပေါင်းလုပ်ဆောင်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ဂျာမနီစစ်ဘက်မှ တာဝန်ရှိသူများ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း Pistorius ကအတည်ပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော Senkaku ကျွန်းစုများကို တရုတ်နိုင်ငံက တောင်းဆိုနေသည့် အရှေ့တရုတ်ပင်လယ်တွင် တင်းမာမှုများ မြင့်တက်နေချိန် ယခုကဲ့သို့ ဂျပန်-ဂျာမနီ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတစ်ရပ် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ဂျပန်နှင့် ဂျာမနီသည် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် နှစ်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့များကြား အပြန်အလှန် ထောက်ပံ့ရောင်းချရေးနှင့် ဝန်ဆောင်မှုပေးရေးဆိုင်ရာ မူဘောင်တစ်ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နှင့် ဂျာမနီ နှစ်နိုင်ငံ လေတပ်တို့သည် ပထမဆုံး နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ဂျပန်နိုင်ငံ၌ ပြုလုပ်ခဲ့ကြသည်။ ဂျပန်နှင့် NATO မဟာမိတ်အဖွဲ့ကြား မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် စီစဉ်ပြုလုပ်ခဲ့သည့် Rapid Pacific စစ်ရေးလေ့ကျင့်မှုတွင် ဂျာမနီနိုင်ငံမှ ယူရိုဖိုက်တာ တိုက်လေယာဉ်များ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ဆိုက်ရောက်လာခဲ့သည်။ အဆိုပါတိုက်လေယာဉ်များသည် ဂျပန်လေတပ်၊ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ F-2 Viper Zero တိုက်လေယာဉ်များနှင့်အတူ လေကြောင်းလေ့ကျင့်မှု အမျိုးမျိုးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**Japan, Germany in Talks for First Joint Land Force Exercise ကို ဘာသာပြန်ဆိုထားပါသည်။**

## DSA 2024 တွင် Kemalak လုပ်ငန်းစုက ပင်လယ်ရေကြောင်း တိုက်ခိုက်ရေးရဟတ်ယာဉ်သစ်ကို မိတ်ဆက်ပြသ

၂၀၂၄ ခုနှစ် မေ ၆ ရက်မှ မေ ၉ ရက်ထိ မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် DSA 2024 ကာကွယ်ရေးပြပွဲတွင် Kemalak လုပ်ငန်းစုသည် ပင်လယ်ရေကြောင်း တိုက်ခိုက်ရေးရဟတ်ယာဉ် (MAH) သစ်ကို မိတ်ဆက်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကုန်းရေနှစ်သွယ် စစ်ဆင်ရေးများအတွက် တိုက်စစ်တွင် လိုက်ပါအားဖြည့်ပေးနိုင်သော MAH တိုက်ခိုက်ရေးရဟတ်ယာဉ်သစ်ကို ပင်လယ်ရေကြောင်းစွမ်းအားအပေါ် အာရုံစိုက်ထားသော ဒေသတွင်းရေတပ်များအတွက် ထည့်သွင်းစဉ်းစားနိုင်ရန် မိတ်ဆက်ပြသပေးခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Kemalak လုပ်ငန်းစုသည် ၎င်း၏ နည်းပညာနှင့် ဆန်းသစ်သောဖြေရှင်းချက်များ၊ အထူးသဖြင့် ကာကွယ်ရေးနှင့် လေကြောင်းကဏ္ဍများအတွက် လူသိများသော မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းစုတစ်ခုလည်းဖြစ်သည်။ ၎င်းသည် ဖောက်သည်နိုင်ငံများကို အရေးကြီးသော လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များချရာတွင် ကူညီရန် ထုတ်ကုန်များ၊ နည်းပညာကျွမ်းကျင်မှု၊ ပစ္စည်းကိရိယာများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကြံပေးဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းစုသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အသိအမှတ်ပြုခံထားရသော ကမ္ဘာ့တစ်ဝန်းတွင် ထိပ်တန်းနည်းပညာဖြေရှင်းချက်နှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ဝန်ဆောင်မှုပေးသောလုပ်ငန်းစုတစ်ခုဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Kemalak လုပ်ငန်းစုသည် တောင်ကိုရီးယားနိုင်ငံ Korea Aerospace Industries နှင့် ပူးပေါင်း၍ FA-50 တိုက်လေယာဉ်များထောက်ပံ့ပေးခြင်းအပါအဝင် စီမံကိန်းအမျိုးမျိုးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းကုမ္ပဏီများ၊ အစိုးရဌာနများနှင့်ပူးပေါင်း၍ အလုပ်အကိုင်သင်တန်းများပေးခြင်းဖြင့် ဘွဲ့ရများကို လုပ်ငန်းခွင်အတွင်း အလုပ်ခန့်အပ်နိုင်ရန် ရည်မှန်းထားသည့် PROTÉGÉ-RTW ကဲ့သို့သော အစီအစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပင်လယ်ရေကြောင်း တိုက်ခိုက်ရေးရဟတ်ယာဉ် (Marine Attack Helicopter-MAH)သည် Marine Utility Helicopter ရဟတ်ယာဉ်ကို အခြေခံထားသည့် အလတ်စားရဟတ်ယာဉ်ဖြစ်ပြီး ကုန်းရေနှစ်သွယ် ရေကြောင်းစစ်ဆင်ရေး ပံ့ပိုးမှု၊ လေကြောင်းပစ်ကူ၊ ကမ်းရိုးတန်းကာကွယ်ရေးတာဝန်များအတွက် ဒီဇိုင်းထုတ်ထားသည်။ MAH ကို Korea Aerospace Industries ထုတ် KUH-1 Surion ထံမှ ပုံစံတူယူထားပုံရှိသည်။



အထူးသဖြင့် ဝေဟင်မှမြေပြင်ပစ်ဒုံးများ၊ ဝေဟင်မှဝေဟင်ပစ်ဒုံးများ၊ ပဲ့ထိန်းနှင့် လမ်းညွှန်မဲ့ဒုံးပျံများအပြင် စက်သေနတ်တပ်ဆုံလည်များ သို့မဟုတ် လေဆာကိရိယာတပ် Pod (TADS) တို့အပါအဝင် Payload သယ်ဆောင်နိုင်သော တောင်ပံများပါရှိသည်။ အခြေခံရဟတ်ယာဉ်ဗားရှင်းတွင် ပြောင်း သုံးလက်ပါ ၂၀ မမ စက်သေနတ်တပ်ဆင်ထားကြောင်း သိရသည်။

တိုက်ခိုက်ရေးရဟတ်ယာဉ်ကို ရန်သူ့တန်ပြန်တိုက်ခိုက်မှုများမှ ကာကွယ်ရေးအတွက် Tactical Air Navigation System (TACAN) အပြင် စက်အခေါ် Fox 3 နှင့် Fox 2 အတွက် ဒုံးကျည်ဖိဖျက်နှောင့်ယှက်မှုစနစ်များနှင့် မီးကျည်ပစ်လွှတ်မှုများ (Missile Jammers and Flares) ပါရှိသည်။ ရေကြောင်းအသုံးပြုမှုနှင့် ပတ်သက်၍ ကန့်သတ်ချက်များအားလုံးကို ထည့်သွင်းစဉ်းစားထားပြီး တိုက်ခိုက်ရေးရဟတ်ယာဉ်သည် အလေးချိန် ၈၇၀၉ ကီလိုဂရမ်ရှိပြီး အရွယ်အစားအနေဖြင့် အရှည် ၁၉ မီတာနှင့် အကျယ် ခြောက်မီတာရှိသည်။ ဒေသတွင်းရေတပ်သင်္ဘောများပေါ်တွင် စတင်အသုံးပြုနိုင်ပြီး ရေငန်ကြောင့်ဖြစ်သော သံချေးတက်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့် MAH တိုက်ခိုက်ရေးရဟတ်ယာဉ်သည် စစ်ရေယာဉ်ပေါ်တွင် တပ်စွဲထားခြင်းနှင့် ပတ်သက်၍ ကန့်သတ်ချက်များကိုဖြေရှင်းနိုင်ရန်၊ ဒေသတွင်းရေတပ် တပ်ဖွဲ့များနှင့် အပြည့်အဝလိုက်လျောညီထွေဖြစ်အောင် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

**DSA 2024 : Malaysian consortium Kemalak presents new maritime attack helicopter.ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး



သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုစဉ်။



သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ရှင်းလင်းဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်ဇော်နိုင်ဦးတို့က ကျိုင်းတုံလေဆိပ်သမိုင်းအကျဉ်းနှင့် လေဆိပ်ဆိုင်ရာများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုဝေးကွာသည့်နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ကျိုင်းတုံဒေသတွင် ခရီးသွားများကို ဆွဲဆောင်နိုင်သော သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်များကိုပိုင်ဆိုင်ထားရှိပြီး ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်၊အသစ်ပြန်လည်တည်ဆောက်ထားသည့် ကျိုင်းတုံဟော်နန်း ပုံစံတူပြတိုက်၊နောင်တုံကန်၊လွယ်မွေအပန်းဖြေတောင်စခန်းမြို့နှင့် အခြားလည်ပတ်နိုင်သည့်နေရာများစွာရှိကြောင်း၊ အလားတူကျိုင်းတုံမြို့တွင် SME လုပ်ငန်းများလည်း ရှိပြီး ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ **ကျိုင်းတုံလေယာဉ်ကွင်းအား အဆင့်မြှင့်တင်ခြင်းသည် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်**ကြောင်း၊ယခုအခါ ပြည်တွင်းခရီးစဉ်များ၌ ဝေးကွာသည့်နေရာများသို့ ဂျက်လေယာဉ်များကိုအသုံးပြုလာပြီဖြစ်ကြောင်း၊မိမိတို့နိုင်ငံတွင်အသုံးပြုလျက်ရှိသော **ဂျက်လေယာဉ်များဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လို**ကြောင်း၊ **အိမ်နီးနားချင်းနိုင်ငံများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံများမှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေးဆောင်ရွက်ရန်လို**ကြောင်း၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့်ဒေသခံများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ယခုကဲ့သို့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ **လေဆိပ်အသစ်တည်ဆောက်ခြင်းနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ရာတွင် စနစ်တကျဆောက်လုပ်ရန်လို**ကြောင်း၊ **မည်သည့်ရာသီဥတုတွင်မဆို လေယာဉ်များဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းအတွက် လိုအပ်သောအထောက်အကူပစ္စည်းများကိုပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်သွားရန်လို**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေဆိပ်အသစ်တည်ဆောက်မည့်နေရာနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မေ ၁၀ ရက် ညနေပိုင်းကလည်း သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့်ကောင်စီဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများသည် ဆရာတော်ကြီးအား နဝကမ္မစုပေါင်းအလှူတော်ငွေများနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းယင်းကျောင်းတိုက်အတွင်းလှည့်လည်ကြည့်ရှု၍ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည်များကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးမြို့ရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၊ စက်ရုံများကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ MSMEလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အဒေသးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ MSME လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝါကိုမိုးနည်းသည့်ဒေသဖြစ်သော မန္တလေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ဝါစိုက်ပျိုးရာ၌ အရည်အသွေးမီဝါမျိုးများပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ပြည်ပသို့ ဝါကုန်ကြမ်းများကို တင်ပို့မည့်အစားဝါဂွမ်းမှ ချည်ထည်ထုတ်လုပ်တင်ပို့နိုင်ပါက စီးပွားရေးအရ တွက်ခြေကိုက်၍ ဝါဂွမ်းကိုတိုးတက်ထုတ်လုပ်ပြီး အဆင့်မီချည်ထည်များထုတ်လုပ်ပေးနိုင်ရန်အတွက်တက်ရောက်လာသော MSME လုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းတွင်ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ထားသည့် ဆီစက်လုပ်ငန်း ၅၈၇ ခု၊ ဝါကြိတ်လုပ်ငန်း ၉၆ ခု၊ချည်မျှင်လုပ်ငန်း ခြောက်ခု၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ၃၈ ခုရှိပြီး တစ်နှစ်လျှင် စားသုံးဆီ ၄၈၅၆၁တန်၊ဝါဂွမ်း ၄ ဒသမ ၅၉၁ ပေါင်သန်း၊ ချည်အမျိုးမျိုး ၁၁ ဒသမ ၆၅၈ ပေါင်သန်း၊ နို့ဆီ၊ နို့မှုန့်၊ ထောပတ် ၅၉၆ တန်ခန့်ထုတ်လုပ်နိုင်သည်ကိုစိစစ်တွေ့ရှိရကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းများနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နေရမှုများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြပါရန်ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးစက်မှုဇုန်အတွင်းရေးမှူးနှင့် Good Brother Co., Ltd. တို့က ဝါကြိတ်စက်များ ထုတ်လုပ်နေမှု၊ ဝါလုပ်ငန်းရှင်၊ဆီစက်လုပ်ငန်းရှင်၊ကော်ဖီလုပ်ငန်းရှင်၊သရက်စိုက်ပျိုးတောင်သူများက ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောက်ဆည်မြို့ရှိ မြဘုရင်နို့ချက်စက်ရုံသို့ ရောက်ရှိပြီးစက်ရုံအတွင်း နို့နှင့် နို့ထွက်ပစ္စည်းများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားသုံးစွဲမှုနည်းပါးသည့် ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်များကို သုတေသနပြုစမ်းသပ်ထုတ်လုပ်နေသည့်အတွက် လိုအပ်သော စက်အစိတ်အပိုင်းများကိုလည်း ထုတ်လုပ်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ဝါကြိတ်စက်ထုတ်လုပ်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မှာကြားပြီး ဝါကြိတ်စက်များအတွက် လိုအပ်သည့် ပင်နယန်များ ထုတ်လုပ်ထားမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းစဉ်များဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုအတွက်လိုအပ်သော ဆေးဝါးများကို ယခုထက်ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများတင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တင်ပြဆွေးနွေး**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပို့ကုန်များတင်ပို့နိုင်မှု၊ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့အပါအဝင် ကဏ္ဍအသီးသီး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံဒေသသို့ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ ကျိုင်းတုံဒေသတွင် အစိုးရနည်းပညာ အထက်တန်းကျောင်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိမှုနှင့် လိုအပ်ချက်အပေါ် မူတည်၍ ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ စိစစ်တွက်ချက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်ထွက်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ တိုက်ဖျက်တားဆီးခဲ့ကြပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျိုင်းတုံမြို့ရှိ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြစဉ်။

ခြင်းနှင့် နယ်မြေဒေသ မတည်မငြိမ်မှုများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများနှင့် ရောင်းဝယ်မှုများသည် အမြစ်ပြတ်ပပျောက်မှုမရှိခဲ့ကြောင်း၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများမရှိစေရေး တားဆီး ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ အလားတူ **အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံများအနေဖြင့်လည်း ပိုင်းဝန်းတိုက်ဖျက် ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး**

စီးပွားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် ထုတ်ကုန်ပစ္စည်းများ ရရှိစေရေး မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ **ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရရှိအောင် ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်**ကြောင်း၊ **ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေနှင့် သွင်းအားစုများ ပြည့်မီစွာရရှိရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် **ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးလုပ်ဆောင်ကြရမည်ဖြစ်**ကြောင်း။

**လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့် **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်သဖြင့် ပညာရေးအားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ **ကျိုင်းတုံဒေသတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အကျိုးရှိရှိအသုံးချနိုင်ရန်လို**ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့်ဒေသတစ်ခုဖြစ်ပြီး ယခင်ကတည်းကပင် အားပေးဆောင်ရွက်နေရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရေးကို အလေးထားသင်ယူကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများကလည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ **နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုပညာကျွမ်းကျင်သည့် လူသားအရင်း** အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ကျောင်းမှ သင်ကြားပေးသည့် ပညာရပ်များသာမက အခြားအသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း စာကောင်းပေမွန်များ ဖတ်မှတ်လေ့လာကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း **နိုင်ငံတော်အနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့် စာကြည့်တိုက်များ တိုးချဲ့ပေးနိုင်ရေး၊ စာအုပ်စာစောင်များရရှိရေး၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိ**ကြောင်း။

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အိမ်နီးနားချင်းနိုင်ငံများမှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများ ဝင်ရောက်နိုင်မည်ဖြစ်**ကြောင်း၊ ကျိုင်းတုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြို့မိမြို့ဖများအား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို တစ်ဦးချင်းပေးအပ်စဉ်။

**မိမိတို့ဒေသသို့ ပြည်တွင်းပြည်ပမှ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသတွင်းငွေကြေးလည်ပတ်မှုကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက်အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို. . .**

**အမြစ်များရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **ထို့မှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်**ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျန်းမာရေး၊ အိုင်တီ၊ ဒေသသည်ခရီးသွားလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ **မိမိတို့ဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို**ကြောင်း။

## တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ **ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထို့မှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက် ပေးကြစေလို**ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ရှိ မြို့မိမြို့ဖများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံဧည့်ရိပ်သာ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မြို့မိမြို့ဖများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် စားသောက်ဖွယ်ရာများကို တစ်ဦးချင်းပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၂**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ ရွှေမဲဆိပ်ကမ်း (SMJ) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀၊ Wilmar (Wilmar International Port Terminal) ဆိပ်ကမ်းမှ ဆန်တန်ချိန် ၄၈၅၀ တင်ပို့ခဲ့သည်။

ထို့ပြင် မေ ၁၅ ရက်တွင် ဆူးလေဆိပ်ကမ်း(SPW)မှ ပြောင်းဖူးစေ့တန်ချိန် ၇၁၉၀၀ နှင့် ဆန်တန်ချိန် ၆၀၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း(MIP)မှ ပြောင်းဖူးစေ့တန်ချိန် ၅၃၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(AIPT)မှ ပြောင်းဖူးစေ့တန်ချိန် ၅၈၄၀၀၊ ဆန်တန်ချိန် ၁၂၅၀၀၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Termal-TMT)မှ ပြောင်းဖူးစေ့တန်ချိန် ၂၉၅၀၀၊ မင်းထက်မင်းဆိပ်ကမ်း (MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ Yangon International Gateway Terminal(YIGT)မှ ပြောင်းဖူးစေ့တန်ချိန် ၁၁၀၀၀၊ Myanmar Five Star Line (MFSL)ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးကျော်ကောင်းချိုကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပညာရေးဝန်ကြီးဌာန

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်

## “အသိပေးကြေညာချက်”

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း (Grade 1) သို့အပ်နှံရန်။

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲများပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် မိတ္ထီလာမြို့သို့ရောက်ရှိ

**နေပြည်တော် မေ ၁၂**

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကိုလေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ရေဝတီရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား၊သင်တန်းသူများ၏စခန်းပေါင်းစုံပြိုင်ပွဲများကို ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊စစ်ရေးပြကွင်းနှင့် အမှတ်(၄)ရေတပ်ဘောတံတားတို့၌ ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား၊သင်တန်းသူများ၊သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများတက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား၊ သင်တန်းသူများကသင်တန်းအလိုက်စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး၊ ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ပြိုင်ပွဲနှင့်ပဲ့စင်တပ်ဖွဲ့တာဝန် ဖွဲ့စည်းဆောင်ရွက်မှုလက်တွေ့ ပြိုင်ပွဲများကိုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ တပ်မတော်လေယာဉ်ဖြင့် မိတ္ထီလာမြို့သို့ရောက်ရှိစဉ်။



ရေကြောင်းလူငယ်သင်တန်းသား၊သင်တန်းသူများ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲဖြေဆိုစဉ်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကိုဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူများသည် ပြိုင်ပွဲများကျင်းပရန်နှင့် ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်ရန် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် မိတ္ထီလာမြို့သို့ စုံလင်စွာရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းသားများသည် မိတ္ထီလာမြို့တွင်အခြေပြု၍ စစ်ရေးပြပြိုင်ပွဲများ၊RC Simulator၊ Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်၊ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများကျင်းပခြင်းနှင့် တပ်မတော်(လေ)သင်တန်းကျောင်းများ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့လေ့လာခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့ပစစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
   (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
   (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
   (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
   (၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
   (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
   (၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
   (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
   (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
   (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
   (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဒုတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၂**

တပ်မတော်တွင် ဆဋ္ဌမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇော်ဌေးနှင့်တူမဖြစ်သူ အသည်းအလှူရှင် ဒေါ်နွယ်နွယ်ဝင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၀ နာရီခွဲကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း၍ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဆောင်ရွက်နေစဉ်။

# AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့ရှိ ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ လက်နက်ကြီးဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူသုံးဦးသေဆုံးခဲ့ပြီး အသက် တစ်နှစ်ခွဲနှင့် အသက် ၁၀ နှစ်အရွယ် ကလေးငယ်များ အပါအဝင် ဒေသခံပြည်သူ ၁၀ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် မေ ၁၁ ရက် ည ၁၁ နာရီခန့်တွင် ဘူးသီးတောင်မြို့၏ အရှေ့မြောက်ဘက် မီတာ ၂၈၀၀ ခန့်အကွာရှိ ကျောက်ရစ်(ရွာသစ်)ကျေးရွာဘက်မှနေ၍ လက်နက်ကြီးဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်ပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်။






ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးဝါးကုသမှုများဆောင်ရွက်ပေးနေစဉ်။

ယင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ပြည်သူ့ဆေးရုံဝင်းအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ပြီး အသက် တစ်နှစ်ခွဲနှင့် အသက် ၁၀ နှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် ဒေသခံပြည်သူ ၁၀ ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ဘူးသီးတောင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်၍ လိုအပ်သည့်ဆေးကုသမှုခံယူစေလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နေမှုနှင့်လူမှုစီးပွားဘဝပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် လူနေရပ်ကွက်၊ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအနေဖြင့် ယခုအကြိမ်အပါအဝင် စုစုပေါင်း ၁၄ ကြိမ်ရှိခဲ့ပြီး ယင်းသို့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူဦးရေ ၆၀ သေဆုံးခဲ့ကာ ၁၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့ရွာ၊ရပ်ကွက်များကို AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏လုပ်ရပ်များကို ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ
ဝန်ထမ်းအိမ်ရာ ၄ ထပ်ဆောင်အတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ






ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံမှတ်တမ်းဓာတ်ပုံ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုနေ့စဉ်ချွေတာသင့်ပါသည်

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးများအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်းက ကွမ်းသီးအနုပိဿာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကွမ်းသီးအနုပိဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ပြည်ပဈေးကွက်က မှာယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့မဲ့ကုန်တွေလဲ များလာတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ပြည်တွင်းကထွက်ရှိတဲ့ ကွမ်းသီးအနုတွေကိုတော့ တရုတ်နိုင်ငံကို အဓိကထား တင်ပို့ပါတယ်” ဟု ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များမှကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၉၃၅၁ ဧက ရိတ်သိမ်းပြီးစီး

**ကလေး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၉၃၅၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၃၆၁ ဧက၊ ဖူးစားပြောင်း ဧက ၁၅၉၉၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၆၀ ဒသမ ၂၃ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် အဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

“ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၁၉၃၅၁ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာ စိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်း ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်အတွင်း မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၄၈ ဧက၊ ဖူးစားပြောင်း ၈၀၈၆ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၆၃ ဧက၊ ဖူးစားပြောင်း ၁၅၆၃ ဧက၊ မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၁၅၀၊ ဖူးစားပြောင်း ၆၃၄၁ ဧက စုစုပေါင်း ၁၉၃၅၁ ဧက ဖြစ်ကြောင်း သိရသည်။



ကလေးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ထောက်ကြန့်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မေ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကုန်းကျေးရွာအုပ်စု ထောက်ကြန့်ကွင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ထောက်ကြန့်ကွင်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၂-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ယင်းမာပင်ခရိုင်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၃၂၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၃၂၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း၃၆၇၃ ကေ စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၂၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ နွေနှမ်း ကေ၃၆၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၃၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဒီနှစ် နွေနှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ကေ ပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်နေပါတယ်။ နွေနှမ်းစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နွေနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၄၇၉ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၈ကေနှင့် ပုလဲမြို့နယ်တွင် ၆၂ ကေ စုစုပေါင်း ၃၃၂၉ ကေဖြစ်ကြောင်း၊ မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၀၇၉ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၈၀၃ ကေနှင့်ပုလဲမြို့နယ်တွင် ၇၉၁ ကေ စုစုပေါင်း ၃၆၇၃ ကေဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊စိုက်ပျိုးသည့်နည်းစနစ်၊GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိတ္ထီလာမြို့နယ် ဖိုးမိုးကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးမိုးကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံများက ဖိုးမိုးကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဖိုးမိုးကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်ကစတင်အကောင်အထည်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၄၃၃သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။ **နံ့လာ**



# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သဲကုန်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကြို့ရပ်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာတွင်၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ် လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းနှင့် ရေလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

## ဖြူစင်မေတ္တာ ထားကြပါ

\- လူချင်းတူတူ မေတ္တာစိတ်နှင့်
ယိုဖိတ်လို့ ကိန်းအောင်းနေ၊
စစ်မှန်စွာ အသွင်တင့်လို့
ကျင့်ဝတ်ညီပေ၊
မြင့်မြတ်တဲ့ ဂုဏ်ပုဒ်တွေ
အလှဆင်စေ လက်ကိုင်ထား၊
မေတ္တာဟူ အဓိကမို့
စံပြလူသား။

\- ဗုဒ္ဓအရှင် ဟောညွှန်ကြားလို့
လမ်းစဉ်များ အမှန်တကယ်၊
မေတ္တာသည် အစဉ်အေးချမ်းလို့
ပက်ဖျန်းရမယ်၊
လူတို့၏ နှလုံးသားဝယ်
ဖက်တွယ်လို့ စိတ်ထားလေး၊
လူ့ဂုဏ်ရည် ဟန်မူနွဲ့လို့
ပန်းကဲ့သို့မွှေး။

\- သိမ်မွေ့စွာ လူယဉ်ကျေးစေဖို့
ချိုသာအေး အပြန်အလှန်၊
ဖေးမကူ မေတ္တာထုနှင့်
တုပကေန်၊
လူ့မနော အဖိုးတန်
အမျိုးမှန် ဂုဏ်ဖော်မွမ်း၊
နေလပမာ အလင်းတောက်လို့
ထိုးဖောက်လို့ထွန်း။ ။

**ကလေးလေး(ဟသ်ာတ)**

# မင်းလှမြို့နယ် ကံတောင်ကျေးရွာ၌ VRFPစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံတောင်ကျေးရွာ၌ စတုတ္ထအကြိမ်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကံတောင်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၃သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ကံတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၂ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်တစ်သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၃သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

# သစ္စာတရား နဲ့ နိုင်ငံရေး

**ပိုက်တင်**

နိုင်ငံရေးရဲ့ အုတ်မြစ်က သစ္စာတရားပဲ။ သစ္စာတရားအားဖြင့်သာ နိုင်ငံရေးဟာ တန်ဖိုးမြင့်တယ်။ သစ္စာတရားအားဖြင့်သာ နိုင်ငံရေးဟာ ဂုဏ်တင့်တယ်။ သစ္စာတရားအားဖြင့်သာ နိုင်ငံရေးဟာ အလုပ်ဖြစ်တယ်။ သစ္စာတရားအားဖြင့်သာ နိုင်ငံရေးဟာ ကောင်းကျိုးတွေ ဖြစ်ထွန်းစေတယ်။ နိုင်ငံရေးခေါင်းဆောင်တွေ နိုင်ငံရေးပါတီတွေရဲ့ သစ္စာဟာ သူတို့ချမှတ်ထားတဲ့ မူဝါဒတွေ၊ သူတို့ကိုင်စွဲထားတဲ့ စံတန်ဖိုးတွေ၊ သူတို့ (နိုင်ငံနဲ့ နိုင်ငံသားတွေကို) ပေးအပ်ထားတဲ့ ကတိကဝတ်တွေ၊ သူတို့လိုက်နာပါမယ်လို့ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ နိုင်ငံရေးဆိုင်ရာ ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေဖြစ်တယ်။

နိုင်ငံရေးခေါင်းဆောင်တွေဟာ၊ နိုင်ငံရေးပါတီတွေဟာသူတို့ရဲ့မူဝါဒတွေအတိုင်း အကောင်အထည်ဖော်ကြရင် သစ္စာရှိသူတွေဖြစ်တယ်။ သူတို့ကိုင်စွဲထားတဲ့ စံတန်ဖိုးတွေနဲ့ သူတို့လုပ်ရပ်တွေ ရှေ့နောက်ညီရင် သစ္စာရှိသူတွေဖြစ်တယ်။ သူတို့ပေးအပ်ထားတဲ့ ကတိကဝတ်တွေအတိုင်းတည်ရင် သစ္စာရှိသူတွေဖြစ်တယ်။ သူတို့ လိုက်နာပါမယ်လို့ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ နိုင်ငံရေးဆိုင်ရာကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေအတိုင်း တိတိကျကျ ပြုမူဆောင်ရွက်လိုက်နာထိန်းသိမ်းကြရင် သစ္စာရှိသူတွေဖြစ်တယ်။ မူဝါဒတွေချမှတ်ပြီး ကိုယ်ချမှတ်ထားတဲ့ မူဝါဒတွေအတိုင်း အကောင်အထည်ဖော် လုပ်ကိုင်ခြင်းမရှိရင် သစ္စာပျက်(ဖောက်)တာပဲ။ လက်တွေ့လုပ်ရပ်တွေ ဒါမှမဟုတ် ကိုင်စွဲထားတဲ့ စံတန်ဖိုးတွေနဲ့ လွဲချော်နေရင်၊ အဆီအငေါ်မတည့်ရင် သစ္စာပျက်တာပဲ။ နိုင်ငံနဲ့ နိုင်ငံသားတွေကို ပေးအပ်ထားတဲ့ ကတိကဝတ်တွေ မတည်ရင် သစ္စာပျက်တာပဲ။ ကိုယ်တိုင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးဆိုင်ရာကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရင် သစ္စာပျက်တာပဲ။

နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမား(ပါတီဝင်တွေ)ရဲ့ ကြားမှာလဲ တည်ရမဲ့သစ္စာရှိတယ်။ နိုင်ငံရေးခေါင်းဆောင်တွေမှာ အပြောနဲ့အလုပ်ညီညွတ်မှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်တွေ စောင့်ထိန်းလိုက်နာမှု၊ တာဝန်ယူတာဝန်ခံမှု စတဲ့ အရည်အသွေးတွေ (Integrity) ရှိနေဖို့ မဖြစ်မနေ လိုအပ်တယ်။ ဒါမှသာ လျှင် ခေါင်းဆောင်နဲ့တူတဲ့ခေါင်းဆောင်၊ ပါတီနဲ့တူတဲ့ ပါတီဆိုတာ ဖြစ်နိုင်မယ်။ ဒါမှသာလျှင် အလုပ်ဖြစ်အောင်လုပ်နိုင်တဲ့၊ ရလဒ်တွေရအောင် စွမ်းဆောင်နိုင်တဲ့ ခေါင်းဆောင်ရယ်လို့ ဖြစ်နိုင်မယ်။ ပါတီရယ်လို့ ဖြစ်နိုင်မယ်။ဒါမှသာလျှင် သစ္စာရှိတဲ့ ခေါင်းဆောင်၊ သစ္စာရှိတဲ့ ပါတီရယ်လို့ ဖြစ်နိုင်မယ်။

နိုင်ငံရေးသမားတွေ (ပါတီဝင်တွေ) ဘက်ကလဲ ခေါင်းဆောင်နဲ့ ပါတီအပေါ် သစ္စာစောင့်သိကြဖို့ လိုအပ်တယ်။ ခေါင်းဆောင်ကချမှတ်ထားတဲ့ မူဝါဒ၊ စံတန်ဖိုး၊ ကျင့်ဝတ်စည်းမျဉ်းတွေ၊ ပါတီက ပြဋ္ဌာန်းထားတဲ့မူဝါဒ၊ စံတန်ဖိုး၊ ကျင့်ဝတ်နဲ့စည်းမျဉ်းတွေကို နှလုံးသွင်းလိုက်နာနိုင်ကြဖို့လိုအပ်တယ်။ မူဝါဒတွေ၊ စံတန်ဖိုးတွေ၊ ကျင့်ဝတ်နဲ့ စည်းမျဉ်းတွေကို ဖောက်ဖျက်ကြမယ်ဆိုရင် ခေါင်းဆောင်အပေါ်သစ္စာမဲ့ခြင်းဖြစ်သလို၊ ပါတီအပေါ် သစ္စာဖောက်ခြင်းလဲ ဖြစ်တယ်။ ဒီထက်ဆိုးတာက နိုင်ငံနဲ့ နိုင်ငံသားတွေကို သစ္စာဖောက်ခြင်းလဲ ဖြစ်တယ်။

သစ္စာပျက်ရင် နိုင်ငံရေးခေါင်းဆောင်ဟာတန်ဖိုးမဲ့တယ်။ ဂုဏ်မဲ့တယ်။ သစ္စာပျက်(ဖောက်)ရင်နိုင်ငံရေးဟာတန်ဖိုးမဲ့တယ်။ ဂုဏ်မဲ့တယ်။ သစ္စာပျက်ရင် နိုင်ငံရေးပါတီဟာ တန်ဖိုးမဲ့တယ်။ ဂုဏ်မဲ့တယ်။ သစ္စာပျက်ရင် နိုင်ငံရေးသမားဟာ တန်ဖိုးမဲ့တယ်။ ဂုဏ်မဲ့တယ်။ နိုင်ငံရေး ခေါင်းဆောင်တွေ၊ နိုင်ငံရေး ပါတီတွေ၊ နိုင်ငံရေးသမားတွေကို အခြေခံပြီး တည်ဆောက်ထားတဲ့ နိုင်ငံရေးစနစ်တစ်ခုဟာ သစ္စာတရားဆိုတဲ့ အခြေခံအုတ်မြစ်ကမှ တောင့်တင်းခိုင်မာမှုမရှိရင် ဘယ်လို အလုပ်ဖြစ်မလဲ။ ဘယ်လို ရလဒ်တွေထွက်မလဲ၊ နိုင်ငံဘယ်လိုတိုးတက်မလဲ။ နိုင်ငံသားတွေ ဘယ်လို အကျိုးရမလဲ။ နိုင်ငံရေးစနစ်တစ်ခုကို တာဝန်ယူ အကောင်အထည်ဖော်ကြမဲ့ အေးဂျင့်တွေဖြစ်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေဟာ သစ္စာဖောက်နေကြမှတော့ ဘာတွေကို မျှော်လင့်လို့ရကြအုံးမှာလဲ။

ဒါကြောင့် နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေဟာ သစ္စာရှိကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ အဲသလို သစ္စာရှိနေကြဖို့ဆိုရင် အစကတည်းက တိကျခိုင်မာတဲ့ (ကိုယ်တိုင်က တိတိကျကျ မဖောက်မပြန်လိုက်နာနိုင်တဲ့၊ ထိန်းသိမ်းနိုင်တဲ့၊ လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့) မူဝါဒတွေ၊ စံတန်ဖိုးတွေ၊ ကျင့်ဝတ်နဲ့စည်းမျဉ်းတွေကိုပဲ အခိုင်အမာ သတ်မှတ်ပြဋ္ဌာန်း ကိုင်စွဲထားနိုင်ကြဖို့ လိုအပ်တယ်။

> ❖ နိုင်ငံရေးဆိုတာက နိုင်ငံတစ်နိုင်ငံရဲ့ကံကြမ္မာကို ဖန်တီးတယ်။ နိုင်ငံရေးဆိုတာ နိုင်ငံသားတွေရဲ့ကံကြမ္မာကို ဖန်တီးတယ်။ နိုင်ငံရေးကောင်းမှ နိုင်ငံကောင်းတယ်။ နိုင်ငံရေးကောင်းမှ နိုင်ငံသားတွေ ကောင်းတယ်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအပါအဝင်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရေးကပဲ အဓိကပြဋ္ဌာန်းတယ်။ နိုင်ငံရေးကောင်းမှသာ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်နိုင်တယ်။ နိုင်ငံရေးကောင်းဖို့ဆိုရင် နိုင်ငံရေးခေါင်းဆောင်တွေ သစ္စာတည်ဖို့လိုတယ်။ နိုင်ငံရေးပါတီတွေ သစ္စာတည်ဖို့လိုတယ်။ နိုင်ငံရေးသမားတွေ သစ္စာတည်ဖို့လိုတယ်။ သစ္စာပျက်ယွင်းနေတဲ့ နိုင်ငံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ❖

ဆိုလိုတာက လက်တွေ့မကျတဲ့၊ လူအထင်ကြီးဖို့ ထောက်ခံမှုရဖို့ သက်သက်အတွက် စာရွက်ပေါ်မှာပဲ စကားလုံးလှလှပပတွေအဖြစ်နဲ့ပဲ သတ်မှတ်ထားပြီး လက်တွေ့လုပ်တဲ့ အလုပ်တွေကျတော့ မူတွေ၊ စံတွေ၊ ကျင့်ဝတ်စည်းမျဉ်းတွေနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်နေမယ်ဆိုရင် ဒါနိုင်ငံရေးအရ သစ္စာပျက်ယွင်းတာပဲ ဖြစ်တယ်။ အဲသလို သစ္စာပျက်ယွင်းပြီဆိုရင် တစ်ချိန်ချိန်မှာ နိုင်ငံရေးဆိုတဲ့ အရာဟာလည်း ဆိုးဆိုးရွားရွား ယိုယွင်းပျက်စီးမှာ ဖြစ်တယ်။ နိုင်ငံရေး ခေါင်းဆောင်တွေ၊ နိုင်ငံရေး ပါတီတွေ၊ နိုင်ငံရေးသမားတွေလဲ ပျက်စီးမှာဖြစ်တယ်။ ပြဿနာက အဲသလို ပျက်စီးခြင်းရဲ့နောက်ဆက်တွဲ အကျိုးဆက်ကို နိုင်ငံလဲခံရမှာ ဖြစ်သလို နိုင်ငံသားတွေလဲ ခံရမှာဖြစ်တယ်။ အဲသလိုဖြစ်ရင် နိုင်ငံတိုးတက်ဖို့၊ နိုင်ငံသားတွေ ကောင်းကျိုးချမ်းသာရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ခက်ခက်ခဲခဲ တည်ဆောက်ကြရတဲ့ နိုင်ငံရေးစနစ်ဟာ အချည်းနှီးအကျိုးမဲ့စေတဲ့ အကြောင်းတရားအဖြစ် ရုပ်ပျက်ဆင်းပျက် တန်ဖိုးကျဆင်းရလိမ့်မှာဖြစ်တယ်။

သစ္စာမတည်ဘူးဆိုရင် သစ္စာစူးလေ့ရှိတယ်။ နိုင်ငံရေးဆိုတာ ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ရတဲ့ အလုပ်မဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ ထင်ပေါ်ကျော်ကြားရေး၊ နောက်လိုက်နောက်ပါ အခြွေအရံပေါများရေး၊ ချမ်းသာကြွယ်ဝရေးစတာတွေအတွက် လုပ်ကိုင်ရတဲ့အလုပ် မဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ ကိုယ်ကျိုးစီးပွားကိုဘေးဖယ်ပြီး နိုင်ငံအကျိုးရှိဖို့ လုပ်ကြရတဲ့အလုပ်ပါ။ နိုင်ငံသားတွေ ကောင်းကျိုးချမ်းသာခံစားကြရဖို့၊ ဘဝလုံခြုံကြဖို့၊ လူမှုဘဝ မြင့်မားကြဖို့အတွက် နိုင်ငံရေးခေါင်းဆောင်တွေ နိုင်ငံရေးပါတီတွေ နိုင်ငံရေးသမားတွေက ကိုယ်ကျိုးမဖက်ဘဲ အလုပ်အကျွေးပြုရတဲ့ အလုပ်ပါ။ စတေးပေးဆပ်ရတဲ့အလုပ်ပါ။

နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေက နိုင်ငံရေးကို ကိုယ်ကျိုးစီးပွားအတွက်၊ ဂုဏ်သတင်းကျော်ကြားဖို့အတွက်၊ ကြွယ်ဝချမ်းသာဖို့အတွက် အပြောတခြား အလုပ်တခြား၊ မူဝါဒကတခြား လက်တွေ့ကတခြား၊ သတ်မှတ်ထားတဲ့ စံတန်ဖိုးတွေနဲ့ သတ်မှတ်ထားတဲ့ ကျင့်ဝတ်တွေ စည်းမျဉ်းတွေကတခြား လုပ်ကြကိုင်ကြမယ်ဆိုရင် ဒါဟာ သစ္စာဖောက်တာပဲဖြစ်တယ်။ သစ္စာပျက်ယွင်းတာပဲ ဖြစ်တယ်။ နိုင်ငံကို ပမာမခန့်လုပ်တာပဲဖြစ်တယ်။ စော်ကားတာပဲ ဖြစ်တယ်။ နိုင်ငံသားတွေကို မလေးစားတာပဲ ဖြစ်တယ်။ တန်ဖိုး မထားတာပဲဖြစ်တယ်။ ဒီလို သစ္စာပျက်ယွင်းတဲ့ရလဒ်မျိုးဟာ ဘာမှကောင်းကျိုးမဖြစ်နိုင်ဘူး။ ကျရှုံးခြင်းနဲ့သာ အဆုံးသတ်ရလေ့ရှိတယ်။

နိုင်ငံရေးဆိုတာက နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကို ဖန်တီးတယ်။ နိုင်ငံရေးဆိုတာ နိုင်ငံသားတွေရဲ့ ကံကြမ္မာကို ဖန်တီးတယ်။ နိုင်ငံရေးကောင်းမှ နိုင်ငံကောင်းတယ်။ နိုင်ငံရေးကောင်းမှ နိုင်ငံသားတွေ ကောင်းတယ်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအပါအဝင်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရေးကပဲ အဓိကပြဋ္ဌာန်းတယ်။ နိုင်ငံရေးကောင်းမှသာ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်နိုင်တယ်။ နိုင်ငံရေးကောင်းဖို့ဆိုရင် နိုင်ငံရေးခေါင်းဆောင်တွေ သစ္စာတည်ဖို့လိုတယ်။ နိုင်ငံရေးပါတီတွေ သစ္စာ တည်ဖို့လိုတယ်။ နိုင်ငံရေးသမားတွေ သစ္စာတည်ဖို့ လိုတယ်။ သစ္စာပျက်ယွင်းနေတဲ့ နိုင်ငံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။

သစ္စာပျက်တဲ့ နိုင်ငံရေးခေါင်းဆောင်၊ နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမားတွေ လွှတ်တော်တွေထဲရောက်သွားခဲ့ရင်၊ အစိုးရတွေ ဖြစ်လာခဲ့ရင်လဲ နိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးလာစရာ အကြောင်းမရှိတော့ဘဲ မုချ ဆုတ်ယုတ်ပျက်စီးလိမ့်မှာဖြစ်တယ်။ နိုင်ငံသားတွေကလဲ နိုင်ငံရေးစနစ်ရဲ့ အထောက်အပံ့နဲ့ ကောင်းကျိုးချမ်းသာကိုခံစားရစရာ အကြောင်းမရှိတော့ဘဲ ဆင်းရဲဒုက္ခတွေ ခံစားကြရမှာဖြစ်တယ်။

ဒါကြောင့် နိုင်ငံရေးမှာ သစ္စာတရားဟာ အခြေခံအုတ်မြစ်ပဲ။ အသက်သွေးကြောပဲ။ သစ္စာတရားကို အလေးအနက်ထားနိုင်ကြမှ၊ သစ္စာတရားတည်နိုင်ကြမှသာ နိုင်ငံရေးလုပ်ဖို့ စဉ်းစားကြဖို့သင့်ပါတယ်။ သစ္စာတရားကိုမှ တန်ဖိုးမထားနိုင်ကြရင်တော့ နိုင်ငံရေးနဲ့ ဝေးဝေးနေကြဖို့ သတိပေးလိုရင်းဖြစ်ပါတယ်။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၁၃၀၉ ဧက နုတ်သိမ်းပြီးစီး

**မင်းကင်း မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၁၃၀၉ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ကြက်သွန်နီ ၈၀၇ ဧက တစ်ဧကလျှင် ၄၃၀၂ ပိဿာ၊ ကြက်သွန်ဖြူ ၅၀၂ ဧက တစ်ဧကလျှင် ၃၀၄၆ ပိဿာထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူ ၁၃၀၉ ဧကထိစိုက်ပျိုးထားပါတယ်။ လက်ရှိစိုက်ခင်းတွေအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ကြက်သွန်ဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ပေးတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၇၉၃ ဧက၊ ကြက်သွန်ဖြူ ဧက ၅၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ ကြက်သွန်နီ ၈၀၇ ဧက၊ ကြက်သွန်ဖြူ ၅၀၂ ဧက စုစုပေါင်း ၁၃၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ကြက်သွန်စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်များဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်ပျိုးရာတွင် ကြက်သွန်စိုက်တောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး ကြက်သွန်ဖြူစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်း ကုန်ကျစရိတ်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၃၄၈ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၃၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၀၆၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၃၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ နွေစပါးဧက ၂၀၆၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၃၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ နွေစပါး စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၂၂၀၁၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၃၃၄ ဧက စုစုပေါင်း ၂၂၃၄၈ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၂၀၄၃၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၆၆ ဧက စုစုပေါင်း ဧက ၂၀၆၀၀ တို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ နွေစပါးစိုက်ပျိုးရာတွင် ဆည်၊ ကန်၊ တမံရေတို့ဖြင့် စိုက်ပျိုးကြပြီး သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများကို ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေဖူလုံစေရန် သက်ဆိုင်ရာဌာနအနေဖြင့် နှစ်စဉ်ရေလှောင်တမံများမှ စိုက်ပျိုးရေများကို ရေပေးမြောင်းများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေပေးနေကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် နွေစပါး စိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် ရွာလုကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**ကျောက်ပန်းတောင်း မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့်ဆောင်ရွက်သည့် ရွာလုကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ကျောက်ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်၊ ခရိုင်နှင့်မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးရေးဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ညောင်ဦးမြို့နယ် ရွာလုကျေးရွာ၌ အလျား ပေ ၂၀၀၊ အနံ ပေ ၁၀၀၊ အနက် ရှစ်ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဧပြီလ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ဇင်မာ**

# ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့

**တို့ကျောင်း**

“အရွယ်ရောက်လာ တို့ကျောင်းမှာ
ပညာသင်ကြားကြ။
ရွာ၏အလယ် ဂုဏ်ယူဖွယ်
တင့်တယ်လှပေစွ။
ကျောင်းသားကျောင်းသူ ချစ်ကြည်ဖြူ
ညီတူဝတ်ဆင်ရ။”ဟူသော ကဗျာကလေးသည် မကြာမီ ကျောင်းဖွင့်လျှင် ကျောင်းသားကလေးများ စာသင်အံ့ရွတ်ဖတ်ကြရမည့် ကဗျာကလေးဖြစ်ပါသည်။

ဇွန် ၃ ရက်သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောင်းဖွင့်ချိန်ဖြစ်သည့်အတွက် ကျောင်းသားမိဘများသည် မိမိတို့၏ရင်သွေးငယ်များကို သက်ဆိုင်ရာစာသင်ကျောင်းများ၌ မေ ၂၃ ရက်မှစ၍ ကျောင်းအပ်နှံကြရမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်သည် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဖြစ်ပါသည်။

“ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိစေရန် ကျောင်းအပ်နှံကြရမည်ဖြစ်သည်။ အသက် ငါးနှစ်အရွယ် ကလေးများကို သူငယ်တန်း(KG)တွင် စတင်အပ်နှံကြရမည်ဖြစ်ပြီး အသက်ခြောက်နှစ်အရွယ် ကလေးဖြစ်ပါက ပထမတန်း(Grade-1)တွင် စတင်အပ်နှံကြရမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်၊ ကျောင်းအုပ်ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ စာစောင်များတွင် နှိုးဆော်ချက်များ ထုတ်ပြန်၍ အသိပေးကြေညာထားသည်ကို တွေ့ရသည်။

ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန် အချက်များနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုကြောင်း၊ သူငယ်တန်း (KG) သင်ရိုးသစ်မှ ဧကာဒသမတန်း (Grade-11) သင်ရိုးသစ်ထိ ပုံနှိပ်စာအုပ်များနှင့် သူငယ်တန်း (KG) မှ ပဉ္စမတန်း (Grade-5) ထိ ကျောင်းအပ်နှံသော ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ တစ်စုံစီ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

ကျောင်းအုပ်ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး လိုက်နာရမည့် အချက်များတွင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုရန်၊ မည်သည့်ပစ္စည်းမျှ ရောင်းချခြင်း မပြုရန်၊ မိဘ၊ ဆရာပူးပေါင်း၍ ကလေးသူငယ်များ ကျောင်းတက်မှန်ရေး၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာများ မသုံးစွဲစေရေး ပူးပေါင်းဆောင်ရွက်ရန်၊ စည်းကမ်း လိုက်နာပြီး ဂိမ်းစွဲလမ်းမှု ပပျောက်စေရေးအတွက် မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးပြီး လိုက်နာတတ်စေရန်နှင့် အသက် ၁၂ နှစ်ပြည့်ပြီးသူတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရာနှုန်းပြည့် ထိုးနှံပြီးစီးရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် ညွှန်ကြားထားသည်ကို တွေ့ရှိရသည်။

မိဘအုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်တွင် ကျောင်းအပ်နှံရာ၌ မိမိတို့နှင့်သက်ဆိုင်သည့် နယ်မြေများတွင် ကျောင်းအပ်နှံကြရန်၊ ငွေကြေးလက်ဆောင်များ ပေးအပ်ခြင်းမပြုရန်၊ မိမိတို့၏ ကလေးသူငယ်များ ကျောင်းတက်မှန်ရေး၊ အိမ်စာများ နေ့စဉ်ပုံမှန်လုပ်ဆောင်ရေးအတွက် ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ရန်၊ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းများ၊ ကျောင်းထွက်ခြင်းများ မရှိစေရေးနှင့် မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာများ မသုံးစွဲစေရေး ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပေးပါရန်၊ စည်းကမ်းလိုက်နာပြီး ဂိမ်းစွဲလမ်းမှု ပပျောက်စေရေး အတွက် ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးအသိ၊ သတိရှိ၍ ကိုဗစ်-၁၉ စည်းကမ်းချက်များလိုက်နာကာ ကာကွယ်ဆေးများ ထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်ထားသည်ကို တွေ့ရှိရသည်။

**❖ ဇွန် ၃ ရက်သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောင်းဖွင့်ချိန်ဖြစ်သည့်အတွက် ကျောင်းသားမိဘများသည် မိမိတို့၏ရင်သွေးငယ်များကို သက်ဆိုင်ရာစာသင်ကျောင်းများ၌ မေ ၂၃ ရက်မှစ၍ ကျောင်းအပ်နှံကြရမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်သည် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဖြစ်ပါသည်။ “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”ဟူသောဆောင်ပုဒ်နှင့်အညီ မိမိတို့၏ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိစေရန် ကျောင်းအပ်နှံကြရမည်ဖြစ်သည်။ အသက် ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း(KG) တွင်စတင်အပ်နှံကြရမည်ဖြစ်ပြီး အသက် ခြောက်နှစ်အရွယ်ကလေးဖြစ်ပါက ပထမတန်း(Grade-1)တွင် စတင်အပ်နှံကြရမည်ဖြစ်သည်။ ❖**

ကျောင်းသားမိဘများအနေဖြင့် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော နှိုးဆော်ချက်၊ ကြေညာချက်၊ အသိပေးချက်များကို သိရှိမှတ်သားပြီး မိမိတို့၏ ကလေးသူငယ်များ ပညာရည် မြင့်မားစေရေး အတွက် ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် ပူးပေါင်းကာ ကလေးပညာကောင်းစေရန် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်သင့်ပေသည်။

“ကျောင်းမှန်မှန်တက် စာမခက်”
“မိဘဆရာပူးပေါင်း ကလေးပညာကောင်း”
“ပညာဟူသည် မြတ်ရွှေအိုး”
“ပညာရွှေအိုး လူမခိုး”
“ငွေကြေးကို ကုန်သွယ်ခြင်းထက် ပညာကို ကုန်သွယ်ခြင်းက ပို၍မြတ်၏”ဟူသော ဆုံးမစကား၊ ဆိုစကားများသည် လူ့ဘဝ အသက်ရှင်စဉ် အတွင်း ပညာ၏ တန်ဖိုးကြီးမားပုံကို ခိုင်းနှိုင်းရေးသားတင်ပြထားခြင်းဖြစ်သည်။

**မြတ်ပညာ**

“ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏” ဟူသော ကဗျာလေးအတိုင်း ပညာ၏ ကြီးမြတ်သောဂုဏ်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပုံ၊ မှန်ကန်စွာဆုံးဖြတ်နိုင်ပုံနှင့် အရာခပ်သိမ်း အောင်မြင်ပြီးမြောက်နိုင်ပုံတို့ကို ဖော်ကျူးထားရာ လေးစားတန်ဖိုးထားရပါသည်။

စိန်ပန်းနီနီနှင့် ကံ့ကော်ပန်းတို့ပွင့်ချိန် ကျောင်းဖွင့်ရာသီတွင် အဖြူအစိမ်းဝတ်ဆင်ထားသော ကလေးသူငယ် လူငယ်မောင်မယ်များနှင့် ကျောင်းတော်ကြီး၏ အလှတို့သည် လိုက်ဖက်တင့်တယ်သော ပန်းချီကားတစ်ချပ်နှယ် ကြည်နူးချမ်းမြေ့ရပါသည်။

“ပန်းကလေးများ ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာ ရွှေရည်လောင်း
ငါတို့စာသင်ကျောင်း”ဟု ဆိုသည့်အတိုင်း ကျောင်းဖွင့်ချိန် ပန်းကလေးများနှင့်အပြိုင် ကျောင်းဝတ်စုံအဖြူအစိမ်း ဝတ်ဆင်ထားသော ကလေးငယ်များ၏ အလှတရားတို့ ပနံရလိုက်ဖက်ပုံကို တွေ့မြင်ရသူများအဖို့ မိမိတို့၏ ငယ်ဘဝများကို ပြန်ပြောင်းအောက်မေ့ အမှတ်ရမိစေပါသည်။

ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည့် ကျောင်းဖွင့်ချိန်၌ ကလေးသူငယ်များ မိတ်ဆွေသူငယ်ချင်းအသစ်များဖြင့် ပျော်ပါးမြူးထူးဆော့ကစားနေပုံ၊ ခေါင်းလောင်းသံတညံညံဖြင့် ကြည်နူးပသာဒ ဖြစ်ရပုံတို့ကို မကြာမီ လွမ်းမောဖွယ် တွေ့မြင်ရတော့မည် ဖြစ်ပါသည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွန်ုပ်တို့၏ အနာဂတ်သည် ကလေးများ၏ လက်ထဲတွင်ရှိသည်ဟူသော စကားအရ နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ကလေးသူငယ်များ ပညာသင်ကြားရေးကို အားပေးမြှင့်တင်နိုင်ကြစေရေး မိဘဆရာပြည်သူများ ပူးပေါင်းကာ ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသား ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့ပတ်စာ သူငယ်တန်း**
- **နေ့စဉ်ထုတ်သတင်းစာ**

**ဇင်မင်းစိုး( ပိုလ်ကလေး)**

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ နေကြာဧက ၈၆၉၀ ရိတ်သိမ်းပြီးစီး

**မြောင်းမြ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ နေကြာဧက ၈၆၉၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံ နေကြာဧက ၈၆၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ နေကြာများကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ မေ ၁၁ ရက်တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နေကြာတစ်ဧကလျှင် ၁၃ ဒသမ ၁၄ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

“ဝါးခယ်မမြို့နယ်အတွင်းမှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၈၆၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ နေကြာတွေကို ပြန်လည်ရိတ်သိမ်းနေပြီး လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းထားပြီးဖြစ်ပါတယ်။ အခုနှစ် နေကြာတွေ အထွက်နှုန်းကလဲ ကောင်းမွန်ပါတယ်။ တစ်မြို့နယ်လုံးအနေနဲ့ အထွက်နှုန်းကောင်းအောင် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်”ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆီထွက်သီးနှံ နေကြာများ အထွက်နှုန်းကောင်းမွန်စေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့် အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို အသိပညာပေးဆောင်ရွက်နေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**



# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖုန်မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာများရရှိ



**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မေ ၁၀ ရက် ညပိုင်းက ရုတ်တရက် ဖုန်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် သစ်ပင်များလဲပြိုကာ လူနှစ်ဦးသေဆုံးခဲ့ပြီး လူအများအပြားထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း မေ ၁၁ ရက် သတင်းများအရ သိရသည်။

နယူးဒေလီမြို့တွင် မေ ၁၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ရုတ်တရက် ဖုန်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးအနည်းငယ်ရွာသွန်းကာ လေပြင်းများ ပြင်းထန်စွာတိုက်ခတ်ခဲ့မှုကြောင့် သစ်ပင်ပေါင်း ၁၀၀ ကျော် ကျိုးပဲ့ကျခြင်း၊ လဲပြိုခြင်းများဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့ကာ လူခြောက်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့ပြင် အဆောက်အအုံ ပြိုကျမှုကြောင့်လည်း လူ ၁၇ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း နယူးဒေလီမြို့ ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

မုန်တိုင်းတိုက်ခတ်စဉ် သစ်ပင်များလဲပြိုမှုကြောင့် အရေးပေါ်ဖုန်းခေါ်ဆိုမှု ၁၅၂ ကြိမ်၊ အဆောက်အအုံပြိုကျမှုကြောင့် ဖုန်းခေါ်ဆိုမှု ၅၅ ကြိမ်နှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဖုန်းခေါ်ဆိုမှု ၂၀၂ ကြိမ် လက်ခံခဲ့ရကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် မုန်တိုင်းတိုက်ခတ်ပြီးနောက် ညတွင်းချင်း ကူညီမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုန်တိုင်းသည် နယူးဒေလီမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် တစ်နာရီ ၇၇ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး နောက်ထပ်လေပြင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်အပြင်ဘက်သို့ မထွက်ကြရန်၊ တံခါးပေါက်နှင့် ပြတင်းပေါက်များကို ပိတ်ထားရန် အိန္ဒိယမိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နယူးဒေလီမြို့လေဆိပ်မှ ထွက်ခွာမည့် လေကြောင်းခရီးစဉ်တချို့ကိုလည်း ရွှေ့ဆိုင်းခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Ref : Xinhua News

Trs : AZH

# ကနေဒါနိုင်ငံ ဖော့နယ်ဆင်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်

**အော့တဝါ မေ ၁၂**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဖော့နယ်ဆင်မြို့အနီးတွင် မေ ၁၀ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လူနေအိမ်များဆီသို့ ကူးစက်လျက်ရှိရာ တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားကာ ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားသည့်အတွက်ကြောင့် သတိပေးချက် လက်ခံရရှိထားသော ဒေသခံများအနေဖြင့် အမြန်ဆုံး ဘေးလွတ်ရာ ရွှေ့ပြောင်းရန်လည်း အာဏာပိုင်အဖွဲ့အစည်းက အဆက်မပြတ် ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

"မေ ၁၁ ရက် ညနေ ၇ နာရီ ၁၅ မိနစ်လောက်ကနေ စတင်ပြီးတော့ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ဒေသခံတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေပါတယ်။ ဒေသခံတွေကိုလဲ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းဖို့အတွက် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ လေတိုက်နှုန်းလဲ မြင့်တက်နေတဲ့အတွက် တောမီးကူးစက်လောင်ကျွမ်းမှုဟာ တစ်နေရာကနေ တစ်နေရာကို ကူးစက်တဲ့နေရာမှာ အရမ်းကို မြန်ဆန်နေပါတယ်"ဟု ဖော့နယ်ဆင် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ဖော့နယ်ဆင်မြို့ အနောက်ဘက် ၁၂ ကီလိုမီတာအကွာမှ စတင်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ဖော့နယ်ဆင်မြို့ရှိ မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ပေးလျက်ရှိပြီး ဖော့နယ်ဆင်မြို့အနီး ပတ်ဝန်းကျင်ရှိမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များကလည်း တောမီးကို ကူညီငြိမ်းသတ်ပေးလျက်ရှိကြောင်း ဖော့နယ်ဆင် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

Ref : Xinhua New

Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၅၃ ဦးထက်မနည်းရှိလာ

**ကဘူးလ် မေ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် မေလ ပထမပတ်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၅၃ ဦးထက်မနည်း ရှိလာကြောင်း တာလီဘန်အစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုသည် အာဖဂန်နစ္စတန် မြောက်ဘက်ပိုင်းဒေသများတွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသများမှာ ဘာဂလန်စီရင်စု၊ တာကာမြို့စီရင်စု၊ ဘာဒက်ရှန်စီရင်စုတို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်အခြေအနေ မတည်ငြိမ်သေးသဖြင့် သေဆုံးသူ လူဦးရေဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်းလည်း တာလီဘန်အစိုးရက ထုတ်ပြန်သွားခဲ့သည်။

သေဆုံးသူတချို့မှာ မိသားစုအလိုက် သေဆုံးခဲ့ရခြင်းဖြစ်ပြီး တာလီဘန်အစိုးရကလည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးနေကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲနေသည့်အတွက်ကြောင့် ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊



ပိတ်မိနေသည့် ဒေသခံများကို ဦးစားပေး ကယ်ထုတ်ပေးနေကြောင်း တာလီဘန်အစိုးရက ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကင်ညာနိုင်ငံတွင် မြေပြိုမှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**နိုင်ရိုဘီ မေ ၁၂**

ကင်ညာနိုင်ငံ မာရာဝက်ခရိုင်တွင် မေ ၁၁ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားသဖြင့် လူနှစ်ဦးသေဆုံးခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ခရိုင်အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံ မာရာဝက်ခရိုင်အတွင်းရှိ ဆမ်ဘရီရာကျေးရွာတွင် မေ ၁၁ ရက် နံနက်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်တစ်လုံးပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ အသက် ၂၃ နှစ်အရွယ်နှင့် ၁၆ နှစ်အရွယ် အမျိုးသားတို့ သေဆုံးခဲ့ပြီး အသက် ၅၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါအမျိုးသမီးကို ဆေးရုံပို့ဆောင်ကုသထားရကြောင်း ခရိုင်လက်ထောက်ကော်မရှင်နာ အက်မွန်နာဂါက အတည်ပြုပြောကြားခဲ့သည်။

"မိုးသည်းထန်စွာ ရွာသွန်းနေတာကြောင့် မြေပြိုမှုအန္တရာယ်တွေ ရှိနေပါတယ်။ အခုမြေပြိုတဲ့ရွာမှာလဲ ဒေသခံအကြီးအကဲတွေနဲ့ ပူးပေါင်းပြီး မြေပြိုမှုဖြစ်လွယ်တဲ့ နေရာတွေမှာ နေထိုင်သူတွေကို ဘေးကင်းရာကို ရွှေ့ပြောင်းနေထိုင်ကြဖို့ တိုက်တွန်းထားပါတယ်"ဟု အက်မွန်နာဂါက ဆက်လက်ပြောကြားခဲ့သည်။

ပြည်နယ်အတွင်း မြေပြိုမှုဖြစ်စဉ်များ လျော့ပါးစေရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ မြေပြိုကျမှုဖြစ်ပွားသောဒေသရှိ ပြည်သူများအနေဖြင့် သက်ဆိုင်ရာကထုတ်ပြန်ထားသော သတိပေးချက်များကို လိုက်နာ၍ ဘေးကင်းရာသို့ရွှေ့ပြောင်းနေထိုင်ရန်လည်း တိုက်တွန်းထားကြောင်း သိရသည်။

မြေပြိုမှုကြောင့် ထိခိုက်ခဲ့သောမိသားစုနှင့် ဆမ်ဘရီရာကျေးရွာကို ချက်ချင်းအကူအညီများ ပေးအပ်ရန် ခရိုင်သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့ကို ပြည်နယ်အုပ်ချုပ်ရေးမှူးက ညွှန်ကြားထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# မက္ကဆီကိုနိုင်ငံတွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသည့် မြို့ကြီး ၁၀ မြို့ထိရှိနေ

**မက္ကဆီကိုစီးတီး မေ ၁၂**

မက္ကဆီကိုနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသည့် မြို့ကြီး ၁၀ မြို့ထိရှိနေကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မြင့်တက်နေသည့် မြို့ကြီးများစာရင်းတွင် မက္ကဆီကိုစီးတီးလည်းပါဝင်နေပြီး အမြင့်ဆုံးအပူချိန်ပမာဏမှာ ၄၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ ၎င်းပမာဏသည် မေလတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

ပွေဘလာမြို့တွင်လည်း အပူချိန်မြင့်တက်ခဲ့ပြီး အပူချိန် ၃၅ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ ပွေဘလာမြို့တွင် အပူချိန်အမြင့်ဆုံးအဖြစ် ၁၉၄၇ ခုနှစ်ကဖြစ်ပေါ်ခဲ့ပြီး အပူချိန်ပမာဏမှာ ၃၄ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ တာမော်လီပက်စ်မြို့တွင် အပူချိန်မှာ ၄၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း မက္ကဆီကိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း ဆန်လူးဝစ်ပိုတိုစီမြို့တွင် အပူချိန်ပမာဏ ၅၀ ဒီဂရီစင်တီဂရိတ်မြင့်တက်လာနိုင်သည့်အခြေအနေဖြစ်သည့်အတွက်ကြောင့် အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ထားကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

အပူချိန် မြင့်တက်နေသည့်အတွက် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်လာနိုင်ခြင်းကြောင့် မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာနက အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့် ရောဂါဝေဒနာများ ခံစားရဖွယ်ရှိနေသည့်အတွက် အပူချိန်မြင့်တက်ချိန် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

အပူချိန်မြင့်တက်မှုများကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတချို့ကိုလည်း လည်ပတ်မှုယာယီရပ်ဆိုင်းထားရသောကြောင့် အပူချိန်မြင့်တက်နေသည့် မြို့များတွင် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း မက္ကဆီကို အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နွေရာသီတွင် အပူငြိမ်းစေမည့် ဥသျှစ်သီးဓာတ်စာ

ပေါက်ပေါက်

**ဥသျှစ်ပင်အကြောင်းသိကောင်းစရာ**

အင်္ဂလိပ်အမည် Bael Fruit Tree ဟုခေါ်သော ဥသျှစ်ပင်သည် ရှောက်မျိုးရင်း (Rutaceae) ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ပေါက်ရောက်ကြသလို မြန်မာနိုင်ငံနှင့် အခြားတောင်အာရှနိုင်ငံများတွင်လည်း သဘာဝအလျောက် ပေါက်ရောက်သည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ဥသျှစ်ပင်ကိုတွေ့ရတတ်ပြီး အပူပိုင်းဒေသတွင် အများဆုံးပေါက်သည်။ ဥသျှစ်သီးကို ရခိုင်လို ဝရာဇ်သီးဟုခေါ်သည်။

**အပင်၏ပုံသဏ္ဌာန်**

ဥသျှစ်ပင်သည် ပင်လတ်မျိုးဖြစ်ပြီး ပျမ်းမျှ ပေ ၃၀ မှ ပေ ၄၀ ထိ မြင့်သည်။ အကိုင်းအခက်များ ရှုပ်ထွေးသန်မာသည်။ အခေါက်ကြမ်းပြီး ညိုဖျော့ဖျော့ အရောင်ရှိသည်။ ဥသျှစ်သားသည် ဖြူရော်ရော် အဆင်းရှိ၍ မာသည်။ အပွေးများ အစင်းလိုက်ရှိသည်။ ပျမ်းမျှ တစ်လက်မခန့်ရှည်သော ဆူးချွန်များ အလှည့်ကျထွက်သည်။ ဥသျှစ်ပင်သည် သာမန်ကောင်းမွန်သည့် မြေဩဇာ၌ပင် ဖြစ်ထွန်းနိုင်သည့်အတွက် အစေ့ကို စိုက်လျက် အပင်သစ်ပွားအောင်ပြုလုပ်နိုင်သည်။ အကိုင်းအခက်များ ပြန့်ကားထွက်နေလျှင် အပင်သည် မကြီးထွားတော့ဘဲ အသီးနည်းမည်ဖြစ်သဖြင့် အကိုင်းအခက်ကို ချိုင်ပစ်ရသည်။

**အရွက်၏ ပုံသဏ္ဌာန်**

ဥသျှစ်ပင်သည် ရွက်လွှဲထွက်၍ သုံးရွက်မြွာပေါင်းဖြစ်သည်။ ရွက်မြွာများသည် ဘဲဥပုံရှည်မျော့မျော့ဖြစ်၍ အရင်း အနည်းငယ်သွယ်ဝိုက်ပြီး အဖျားချွန်သည်။ အလယ်အရွက်သည် အကြီးဆုံးဖြစ်သည်။ ရွက်ပြားချောပြီး အနားပတ်လည် အဝိုက်ငယ်ကလေးများရှိသည်။ အနံ့သင်းသည်။

**အပွင့်၏ ပုံသဏ္ဌာန်**

ကဆုန်လ၊ နယုန်လတို့တွင် အပွင့် ပွင့်သည်။ အပွင့်သည် ကြီးမားပြီး အဖြူရောင်ရှိကာ ရနံ့မွှေးသည်။

**အသီး၏ ပုံသဏ္ဌာန်**

မတ်လမှ မေလအတွင်း အသီး သီးလေ့ရှိသည်။ ဥသျှစ်သီးသည် စိမ်းဝါရောင်ရှိ၍ အချင်းအားဖြင့် လေးလက်မမှ ခြောက်လက်မထိရှိသည်။ အခွံမှာ ချောမွတ်ပြီး မာကျောသည်။ အသီးမှည့်အတွင်း၌ လိမ္မော်ရောင်အစေးများဖြင့် လိမ်းကျံနေသော အစေ့များရှိသည်။ ဥသျှစ်သီးမှည့်အနှစ်သားမှ အစေ့၊ အမျှင်နှင့် အစေးတို့ကိုဖယ်၍ အသားသက်သက်ကိုသာ စားလေ့ရှိသည်။

**အသီး၏ ဆေးဖက်ဝင်ပုံ**

မြန်မာဆေးကျမ်းများအလိုအရ ဥသျှစ်သီးမှည့်သည် ချိုသည်။ ပူသည်။ အနည်းငယ်စပ်ရှိန်း၍ သလိပ်ကိုယုတ်လျော့စေသည်။ သွေးကို ပွားစေခြင်း၊ လေသလိပ်၊ သည်းခြေနာ၊ အစာမကြေခြင်းနှင့် အပူကိုနိုင်သည်။ ဝမ်းကို ရှင်စေသည်။ အဖျားကို နှိမ်နင်းနိုင်သည်ဟု ဆိုသည်။

- ဥသျှစ်သီးအမှည့်များကို ထန်းလျက်ရည်နှင့် ဖျော်ရည်စိမ်သောက်လေ့ရှိကြသည်။ နံနက်စာ မစားမီနှင့် ညစာမစားမီ ဥသျှစ်သီးဖျော်ရည် ပုံမှန်သောက်ပေးခြင်းက ကိုယ်တွင်းအပူငြိမ်းစေမည့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။
- ဥသျှစ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များ စွာကြွယ်ဝသောကြောင့် ရောဂါတော်တော်များများကို သက်သာစေသည်။
- ဥသျှစ်သီးအမှည့်သည် လူကိုအားရှိစေသည်။
- အသီးမှည့်ကို ထန်းလျက်နှင့်ရောစားပါက သွေးဝမ်းသွားခြင်းပျောက်သည်။
- ဥသျှစ်သီးအစိမ်းအတွင်းသားကို သကြားနှင့် ရောစားပါက ဝမ်းအလွန်သွားခြင်းနှင့် အစာမကြေ ဝမ်းသွားခြင်းများ ပျောက်ကင်းစေသည်။ ထို့ပြင် ဥသျှစ်သီးစိမ်းကိုလည်း ဝမ်းဗိုက်နှင့် ပတ်သက်သောရောဂါများအတွက် ချက်ဆေးအဖြစ်ဖော်စပ်ကြသည်။
- ဥသျှစ်သီးမှည့်အနှစ်ကိုကြိတ်၍ ဆန်ဆေးရည်နှင့်သောက်သော် ကိုယ်ဝန်ကြောင့် အော့အန်ခြင်းကို သက်သာစေသည်။
- ဥသျှစ်ကင်းနှင့် ချင်းခြောက်ထောင်း၍ ကျို သောက်ပါက ဆီးလွန်ရောဂါပျောက်သည်။
- ဥသျှစ်သီးမှည့်ဖျော်ရည်နှင့် နွားနို့ ရောသောက်ပေးခြင်းဖြင့် သွားဖုံးမှ သွေးယိုစီးခြင်း၊ အဖုအပိမ့်ထခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။
- ဥသျှစ်သီးကို ပုံမှန်စားသုံးပေးပါက နှလုံးရောဂါအမျိုးမျိုးမှ ကြိုတင်ကာကွယ်ရာရောက်သကဲ့သို့ ရှတ်တရက် နှလုံးရပ်၍ လေဖြတ်ခြင်းတို့မှလည်း ကာကွယ်ပေးနိုင်သည်။
- သွေးတွင်းသကြားဓာတ်ကို ၅၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်၍ ဆီးချို၊ သွေးချိုရောဂါများအတွက် ဆေးဖက်ဝင်သည်။ ထို့ပြင် ဥသျှစ်သီးက ပန်ကရိယကို လှုံ့ဆော်ပေးပြီး အင်ဆူလင်ကို လုံလောက်စွာထုတ်စေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို အထိရောက်ဆုံး ထိန်းချုပ်နိုင်သည်။
- ဥသျှစ်သီး၏ဓာတ်တိုးဆန့်ကျင်အာနိသင်များက အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်တွင် အနာရှိသူများအတွက် အထူးသင့်လျော်သည်။ ထို့ပြင် ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းနာများကို လျော့ပါးသက်သာစေသည်။
- ကိုလက်စထရောပမာဏကို ထိန်းညှိပေးသည်။
- ကိုယ်တွင်းကိုယ်ပ၌ ဗက်တီးရီးယားနှင့် မှိုပိုးတို့ကြောင့် ဖြစ်လာနိုင်သောရောဂါများကို အထိရောက်ဆုံးကာကွယ်ပေးသည်။
- ဥသျှစ်ရည်က ဝမ်းမှန်စေရုံမျှမက ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းတို့ကိုပါ သက်သာစေနိုင်သည်။
- ဝမ်းချုပ်ခြင်းကို သက်သာစေပြီး သဘာဝဝမ်းနုတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ အူသိမ်၊ အူမများနှင့် အစာခြေလမ်းကြောင်းကို သန့်စင်ပေးနိုင်သည်။ ဗိုက်အောင့်၊ ဗိုက်နာရောဂါတို့ကိုလည်း သက်သာစေနိုင်သည်။
- ဥသျှစ်သီးကို ရေတ်ကောင်း၊ ဆားတို့နှင့် ရောစပ်ပြီးသောက်သုံးပါက အူတွင်းက အဆိပ်အတောက်များကို အထိရောက်ဆုံး ဖယ်ရှားနိုင်သည်။
- ခန္ဓာကိုယ်တွင်းအပူများသဖြင့် လျှာနှင့်ခံတွင်းမှာ အနာဖြစ်ပါက ဥသျှစ်သီးကို ပျားရည်နှင့်ဖျော်သောက်ပါ။ ဤနည်းက ကိုယ်တွင်းအပူငြိမ်းစေနိုင်သည်။ နံနက်စာ မစားမီနှင့် ညစာမစားမီတွင် ဥသျှစ်သီးဖျော်ရည် ပုံမှန်သောက်ပေးခြင်းက ကိုယ်တွင်းအပူငြိမ်းစေမည့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။
- ဥသျှစ်သီးဖျော်ရည်ကို ကရဝေးရွက်၊ နနွင်းတို့နှင့်ဖျော်ပြီး တစ်နေ့ နှစ်ကြိမ်သောက်ပါက အရေပြားပေါ်က အဖုအပိမ့်များကို သက်သာစေသည်။
- နို့တိုက်မိခင်များ ဥသျှစ်သီးကို ချင်းနှင့် ဖျော်သောက်ပါက နို့ထွက်အားကောင်းစေသည်။
- ဥသျှစ်သီးဖျော်ရည်တစ်ခွက် နေ့စဉ် ပုံမှန်သောက်သုံးပါက ရင်သားကင်ဆာအပါအဝင် ကင်ဆာရောဂါများမှ ကြိုတင်ကာကွယ်ရာရောက်သည်။
- ဥသျှစ်သီးကို ရေနွေး၊ ပျားရည်တို့နှင့် ရောစပ်သောက်သုံးခြင်းက သွေးအတွင်း အဆိပ်အတောက်များကို အထိရောက်ဆုံးဖယ်ရှားပေးနိုင်ပြီး သွေးသန့်စေသည်။
- ဗီတာမင်စီချို့တဲ့မှုကြောင့် သွေးကြောများ ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ပေးသည်။
- ပန်းနာရင်ကျပ်ရောဂါအပါအဝင် အအေးမိဖျားနာခြင်းနှင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ရောဂါတို့မှ အထိရောက်ဆုံး ကာကွယ်ပေးနိုင်သည်။



**အရွက်၏ ဆေးဖက်ဝင်ပုံ**

- ကလေးများဝမ်းပျက်ရောဂါနှင့် ချွဲသလိပ်ကျပ်ရောဂါတို့အတွက် ဥသျှစ်ရွက်ပြုတ်ရည်ကို ကြွေဇွန်းငယ်တစ်ဇွန်းခန့် တိုက်ကျွေးပေးပါ။
- ဥသျှစ်ရွက်ကို ကြိတ်၍ မျက်စိ၌ ကွင်းပေးပါက မျက်စိနာရောဂါ ပျောက်သည်။
- ဥသျှစ်ရွက်ညှစ်ရည်ကို နံနက်၊ ည သောက်ပေးပါက ဖျားနာခြင်း၊ မျက်ရည်ယိုခြင်း၊ ချောင်းဆိုးခြင်းများ ပျောက်သည်။
- အနာ၊ အဖုအပိမ့်များအတွက် ဥသျှစ်ရွက် လတ်လတ်ဆတ်ဆတ်ကိုကြိတ်၍ အုံပေးပါက နုလျှင် ပိန်ပြီး၊ ရင့်လျှင် ပြည်ပေါက်သည်။
- ကလေးများသန်ထလျှင် ဥသျှစ်ရွက်ညှစ်ရည်ကို အရွယ်အလိုက်ချင့်၍ တိုက်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။
- ဥသျှစ်ရွက်ညှစ်ရည်ကို သောက်ခြင်း၊ လိမ်းခြင်းဖြင့် ဖောရောင်သောရောဂါပျောက်သည်။ တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ်သောက်ပါက လေချဉ်တက်ခြင်း၊ လည်ချောင်းပူခြင်းများပျောက်သည်။
- ဥသျှစ်ရွက်နုကို ကြိတ်၍ ရသောအရည်ကို နေ့စဉ်သောက်ပေးပါက ဆီးချိုရောဂါ ပျောက်ကင်းသည်။
- ဥသျှစ်ရွက်နုကို သုပ်စားလျှင် နားမှ သွေးထွက်သောရောဂါ ပျောက်သည်။

**အမြစ်၏ ဆေးဖက်ဝင်ပုံ**

- နားအူ၊ နားကိုက်ခြင်းတို့အတွက် ဥသျှစ်ပင် အမြစ်ကို အသုံးပြုလေ့ရှိကြသည်။ အခြားသော နားပြဿနာအမျိုးမျိုးတို့အတွက်ကိုလည်း ဥသျှစ်ပင်အမြစ်ကို အသုံးပြုနိုင်သည်။
- ဥသျှစ်သီးပင်၏ အမြစ်နှင့် အခေါက်ကိုလည်း အဖျားပြတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။

**သတိပြုရန်**

အစေးနှင့်အမျှင်တို့ကိုစားမိလျှင် အစေး၏ပူစပ်သောဂုဏ်သတ္တိကြောင့် နှုတ်ခမ်းနှင့် ပါးစပ်တို့တွင် အစေးလောင်တတ်သည်။

ဥသျှစ်ပင်စည်အသားသည် အနံ့သင်းလျက် အရောင်တင်နိုင်သောသစ်သားဖြစ်သည်။ ဥသျှစ်သားကို အိမ်ဆောက်ခြင်း၊ လှည်းနှင့် လှည်းဘီးများလုပ်ခြင်း၊ ပန်းပုထုခြင်းစသည်တို့အတွက် သုံးနိုင်သည်။ ထို့ပြင် ဥသျှစ်ပင်မှ သစ်စေးတစ်မျိုးကိုရရှိသည်။ မြန်မာနိုင်ငံအတွင်း မိုးနည်းသောအရပ်များတွင် ဥသျှစ်ပင်ကို အတွေ့များသော်လည်း မိုးများသောအရပ်ရှိ အချို့ ဥယျာဉ်ခြံများ၌ အနည်းငယ်မျှသာ စိုက်ပျိုးထားတတ်ကြသည်။ သို့သော် ဥသျှစ်ပင်များကို စီးပွားဖြစ်ရည်ရွယ်၍ သော်လည်းကောင်း၊ စနစ်တကျသော်လည်းကောင်း စိုက်ပျိုးလေ့မရှိကြချေ။ ထို့ကြောင့် အိမ်သုံးပစ္စည်းများအဖြစ် အသုံးလည်းဝင်၊ ဆေးစွမ်းအာနိသင်လည်းဖြစ်သည့် ဥသျှစ်ပင်ကို များများ စိုက်ပျိုးသင့်သည်။

အချုပ်ဆိုရသော် ဥသျှစ်သီးဖျော်ရည်သောက်ခြင်း၊ ဥသျှစ်ရွက်ဟင်းချက်စားခြင်းဖြင့် အပူငုပ်ခြင်းကို ပျောက်ကင်းစေသကဲ့သို့ နေ့အပူချိန်မြင့်သော နွေရာသီမှာ ဥသျှစ်သီးဖျော်ရည်အေးအေးချိုချိုလေး သောက်သုံးခြင်းက စိတ်ကျေနပ်မှုအပြည့်အဝရရှိစေသည်။ သို့ပါ၍ ကိုယ်တွင်းကိုယ်ပအပူငြိမ်းအေးစေရန်အတွက် နွေရာသီဓာတ်စာ ဥသျှစ်သီးမှည့်နှင့် ဥသျှစ်ရွက်တို့ကို စားသုံးပေးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

❖ ဥသျှစ်သီး၏ဓာတ်တိုးဆန့်ကျင်အာနိသင်များက အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်တွင် အနာရှိသူများအတွက် အထူးသင့်လျော်သည်။ ထို့ပြင် ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းနာများကို လျော့ပါးသက်သာစေသည်။ ကိုလက်စထရောပမာဏကို ထိန်းညှိပေးသည်။ ကိုယ်တွင်းကိုယ်ပ၌ ဗက်တီးရီးယားနှင့် မှိုပိုးတို့ကြောင့် ဖြစ်လာနိုင်သောရောဂါများကို အထိရောက်ဆုံးကာကွယ်ပေးသည်။ ဥသျှစ်ရည်က ဝမ်းမှန်စေရုံမျှမက ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းတို့ကိုပါ သက်သာစေနိုင်သည်။ ❖

**ကိုးကား**

–မြန်မာ့ဆေးဝါးပင်များ (လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း)

❖ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ဒုတိယဗိုလ်ချုပ်ကြီးညီစော၊ပြည်ထောင်စုဝန်ကြီးများ၊ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြို့မိမြို့ဖများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar